# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၄၆) ၊ ၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၁ ရက် ၊ ၁၄-၁-၂၀၂၅ ၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပ

# အသင်းဝင်ဦးရေ ၃ ဒသမ ၂၂၈ သန်းအား ငွေကျပ် ၂၀၁၁ ဒသမ ဂ၇၇ သန်း ထုတ်ချေးထား





နေပြည်တော် ဇန်နဝါရီ ၁၃

အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ (၁/၂၀၂၅) အစည်းအဝေးကိုယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ၊ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ အသေးစားငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် ပြည်ပကုမ္ပဏီ ၅၃ ခု၊ ပြည်တွင်းကုမ္ပဏီ ၁၁၂ ခုနှင့် အစုစပ်ကုမ္ပဏီ ကိုးခု စုစုပေါင်း ၁၇၄ ခုရှိပြီး ယင်းကုမ္ပဏီများမှ တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်၊ ရပ်ကွက် ၂၃၀၀ နှင့် ကျေးရွာပေါင်း ၂၇၀၀၆ ရွာရှိအသင်းဝင်ဦးရေ ၃ ဒသမ ၂၂၈ သန်းအား ငွေကျပ် ၂၀၁၁ ဒသမ ဂ၇၇ သန်း ထုတ်ချေးထားကြောင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီများအနေဖြင့် ဝင်ငွေနည်းပြည်သူများသို့ ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက် သွားကြရန် လိုအပ်ကြောင်း။

အသေးစား ငွေရေးကြေးရေး လုပ်ငန်းကုမ္ပဏီများ အနေဖြင့် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အရေးပါသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအပြင် MSME လုပ်ငန်းကဏ္ဍများ တိုးတက်စေရေးအတွက်ကိုလည်း ချေးငွေများ ထုတ်ချေးပေးထားကြောင်း၊ ကော်မတီအနေဖြင့် အသေးစားငွေရေးကြေးရေး လုပ်ငန်းကုမ္ပဏီများကို ကော်ပိုရိတ်အသက်အာမခံ ကိုယ်စားလှယ် ဆောင်ရွက်ခွင့်ပြုခြင်း၊ Digital Financial Services များအသုံးပြု၍ ချေးငွေပြန်လည်ကောက်ခံခြင်းနှင့် ချေးငွေရယူသူ၏ ငွေစာရင်းသို့ ချေးငွေထုတ်ချေးခြင်းတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ယနေ့အစည်းအဝေးတွင် နိုင်ငံ၏ လက်ရှိလူမှုစီးပွား ဖြစ်ပေါ် တိုးတက်မှုများနှင့် လိုက်လျောညီထွေသည့် အများဆုံးထုတ်ချေးငွေသတ်မှတ်ချက်နှင့် စုဆောင်းငွေသတ်မှတ်ချက် တိုးမြှင့်ပေးနိုင်ရေး ဆွေးနွေး ဆုံးဖြတ်သွားရန်ဖြစ်ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန် မှာကြားသည်။

ထို့နောက်ကော်မတီအတွင်းရေးမှူး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီ သုံးခု၏ လုပ်ငန်းလိုင်စင် လျှောက်ထားမှု၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းကုမ္ပဏီများ၏ အများဆုံး ထုတ်ချေးငွေနှင့် အများဆုံး စုဆောင်းငွေပမာဏသတ်မှတ်ချက်များကို တိုးမြှင့်ခွင့်တင်ပြခြင်းများအပါအဝင် ကော်မတီက ဆွေးနွေးဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းမင်းဇော်က လုပ်ငန်း ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ကော်မတီမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အချက်များကို ရှင်းလင်းတင်ပြရာ ကော်မတီဝင်များက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးအကြံပြု တင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ချေးငွေများရရှိစေရန် ပြည်တွင်းဘဏ်များ သာမက အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကုမ္ပဏီများမှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုကြောင်း၊ နည်းပညာဖွံ့ဖြိုး တိုးတက်လာမှုကြောင့် ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှု ရယူသုံးစွဲရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဆောင်ရွက်ကြရန်လိုကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် ကုမ္ပဏီများအနေဖြင့် ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို အလေးထား လိုက်နာ ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

အစည်းအဝေးတွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုသည့် ပြည်တွင်းကုမ္ပဏီသုံးခု၊ မတည်ငွေရင်း တိုးမြှင့်ခွင့်ပြုသည့် ကုမ္ပဏီလေးခု၊ ကော်ပိုရိတ် အသက်အာမခံ ကိုယ်စားလှယ်ခွင့်ပြုမှု သုံးခု၊ နယ်မြေတိုးချဲ့သည့် ကုမ္ပဏီသုံးခု တို့ကို ကော်မတီက ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၃

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

# တောင်သူများလိုအပ်သည့် နည်းပညာများအား ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် တောင်သူများလိုအပ်သည့် နည်းပညာများအား ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး ကျေးရွာများတွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစား တူညီသူများ စိတ်တူကိုယ်တူဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး အသင်းသားတောင်သူများ၏ အဓိကလိုအပ်သော မျိုးကောင်း မျိုးသန့်များရရှိရေး သွင်းအားစုများပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများ၊ မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ရေလုပ်ငန်းကိုသာ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည့်အတွက် လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် အရင်းအနှီးရရှိရေး လိုအပ်သည်များ ထောက်ပံ့ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ အပ်ချုပ်စက်သင်တန်း အပါအဝင် လူသုံးကုန်နှင့် စားသောက်ကုန်များထုတ်လုပ်နိုင်ရေး လိုအပ်သော သင်တန်းများကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ဒါမှသာ ကျေးရွာနေပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာစေမှာဖြစ်ကြောင်း၊ ကျေးရွာပြည်သူများအနေဖြင့်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဇန်နဝါရီ ၁၃ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေးရာတွင် ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို သေချာစွာသိရှိပြီး ဦးစီးဌာနအချင်းချင်း အချိတ်အဆက်မိမိ ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် လုပ်ငန်းများအားလုံး စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးကြပ်ဆောင်ရွက်ကြရန်နှင့် စေတနာထားလုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် တောင်သူများလိုအပ်သည့် နည်းပညာများအား ပေါင်း စပ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးရွာရှိ စိုက်ပျိုးရေး မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများမှ အကူအညီတောင်းခံလာပါက ဆက်စပ်ဦးစီးဌာနများနှင့် တတ်နိုင်သမျှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## စာအောင်သံဃာတော်များနှင့် သီလရှင်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ



ရေနံချောင်း ဇန်နဝါရီ ၁၃

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ရေနံချောင်းမြို့နယ်၌ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်စာမေးပွဲနှင့် ပထမပြန်စာမေးပွဲများတွင် အောင်မြင်တော်မူခဲ့သည့် ပရိယတ္တိစာအောင် သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ်နှင့် အောင်ဆု ဂုဏ်ပြုပူဇော်ပွဲ စုဌဘွဲ့နှင်းသဘင် အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်း၌ ရတနာမဥ္ဇူဘုရား သုဓမ္မာတန်ဆောင်းတော်ကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတသသ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ရွှေစေတီပါဠိတက္ကသိုလ်ကျောင်းတိုက် မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ နာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ တက်ရောက်လာသူများက ပရိယတ္တိစာအောင် သံဃာတော် ၃၆ ပါးနှင့် သီလရှင် ၆ပါးတို့အား အောင်လက်မှတ်၊ အောင်ဆုနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဂုဏ်ပြုပူဇော်ဆက်ကပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၇၂)**

## ညောင်ရွှေကျေးရွာတွင် စိုက်ပျိုးထားသော မျိုးစေ့ထုတ်နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသအတွင်း နေကြာ မျိုးကောင်း၊ မျိုးသန့်များ ဖူလုံပြီး ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရေဆင်း(၂)နေကြာမျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးနည်းပညာများကူညီရယူပြီး ညောင်ရွှေကျေးရွာ တောင်သူဦးဝင်းညွှန့် စိုက်ပျိုးထားသော မျိုးစေ့ထုတ် ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရှိရသည်။

ဆောင်းနေကြာသီးနှံများ စိုက်ပျိုးရာတွင် သိပ္ပံနည်းကျစိုက်နည်းအတိုင်း သွင်းအားစုအနေဖြင့် ထယ်ရေးပြင်ချိန်တွင် တစ်ဧက နွားချေးနှင့် မြေဆွေးတစ်မျိုးမျိုးကို နွားလှည်း(၅)စီးမှ (၁၀)စီး၊ ယူရီးယား(၁၁၂)ပေါင်၊ တီစူပါ(၅၆)ပေါင်နှင့် ပိုတက်ရှ်(၅၆)ပေါင်အသုံးပြုပြီး အဖူးဝင်ချိန်တွင် ယူရီးယား(၅၆)ပေါင် ထပ်မံထည့်သွင်းစိုက်ပျိုးကြောင်းနှင့် စိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းသည့် အပင်ပေါက်နှုန်း (၈၀)ရာခိုင်နှုန်း အထက်ရှိသော နေကြာမျိုးများ ရွေးချယ်ပြီး တစ်ဧကမျိုးစေ့(၃) ပြည်နှုန်းဖြင့် အပင်ပေါက်သေချာစေရန် မြေအစိုဓာတ်လုံလောက်ချိန်တွင် အနက်တစ်လက်မခွဲမှ နှစ်လက်မအတွင်း စိုက်ပျိုးထားကြောင်း၊ သတ်မှတ်အပင်ဦးရေ (၂၉၀၀၀)ဝင်ဆန့်စေရန် တန်းကြား(၂)ပေ၊ ပင်ကြား(၉)လက်မဖြင့် (၁)ကျင်းလျှင် မျိုးစေ့(၂) စေ့နှုန်းဖြင့် စိုက်ပျိုးထားကြောင်း တောင်သူဦးဝင်းညွှန့်က ပြောပြ၍ သိရသည်။ **(အောက်ပုံ)**

**သက်မောင် (ကျောက်ဆည်)**



## ကြည်မင်းဝေ(ဆင်ကျွန်း)၏ တုယှဉ်လို့ဘယ်မမီ ဝတ္ထုတိုများ ထွက်ရှိ




မန္တလေး ဇန်နဝါရီ ၁၃

အမျိုးသားစာပေဆုရ ဆရာကြည်မင်းဝေ(ဆင်ကျွန်း)၏ တုယှဉ်လို့ဘယ်မမီဝတ္ထုတိုများ စာအုပ် ဖိုးဝစာပေမှ ထွက်ရှိလာသည်။ ကဗျာဆရာ မောင်သင်းဝေ၏ အမှာစာနှင့်အတူ ဝတ္ထုတို ၁၉ပုဒ် စုစည်းထားသည်။

မေတ္တာသဘော၊ သဲရွာပုံပြင်၊ နှင်းအိပ်မက်မှ နိုးထိချိန်၊ ဆောင်းပြာရိပ်မှ လအိပ်ချိန်၊ ညနေစာ၊ အကြွေး၊ မိုးမှောင်တစ်ည၊ အကျင့်၊ အတိဇာတသမီး၊ တုယှဉ်လို့ဘယ်မမီ၊ ရှေ့ပြေးနိမိတ်ခွာ၊ အတိတ်ရွာပုံပြင်၊ ကြမ္မာဝဋ်ကြွေး လွတ်ရေးမရှိ၊ သမုဒယတွင်သမျှပါနွယ်၊ တွယ်ယှက်မိသော နွယ်တစ်ခက်၊ ဇရာဖုံးပြုံးအလှနွယ်၊ ရင်ထဲက နွေဦးရာသီ၊ ဒေါနဆီစံပယ်သင်း ဘယ်ဒင်းဘယ်သို့ ခွဲပါ့မယ်၊ မျက်ဖြေစာဖွဲ့ မညွန်းလို၊ မိုးကြိုးယှက်ငင် မမြင်သော်လည်း ဝတ္ထုတိုဖြစ်သည်။

ဆရာကြည်မင်းဝေ၏ ဝတ္ထုတိုများမှာ အများအားဖြင့် ကိုယ်တွေ့ ဘဝအတွေ့အကြုံများကို ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးဖွဲ့ထားပြီး အထူးသဖြင့် သူသည် ဘုန်းကြီးကျောင်းသားဘဝ၊ ကိုရင်ဘဝမှ အတွေ့အကြုံများကို ဝတ္ထုအဖြစ် ဖန်တီးနိုင်မှုမှာ နှစ်သက်သဘောကျဖွယ်ဖြစ်သည်။ ဘဝအမောကို ရယ်စရာလေးများဖြင့် အစားထိုးရေးဖွဲ့နိုင်ပြီး ရာဇဝင်နောက်ခံသမိုင်းနှင့် ကျေးလက်ရှုခင်းကိုလည်း ခြယ်မှုန်းရေးဖွဲ့နိုင်သူဖြစ်သည့်အတွက် ဝတ္ထုတိုကြိုက်သူများဖတ်ရှုသင့်သည်။ ပန်းချီအောင်သန်းညို၏ မျက်နှာဖုံးပန်းချီဖြင့် အလှဆင်ထားပြီး မန္တလေးစာအုပ်ဆိုင်များတွင် ငွေကျပ် ၁၀၀၀၀ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

PNT

၀-၀-၀-၀-၀-၀

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရှိ ဘွိုင်လာသင်တန်း ခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Virtual ဖြင့် တက်ရောက်သည်။




အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာနမှ စက်ရုံမှူးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ ဘွိုင်လာနှင့် သက်ဆိုင်သည့် ကျွမ်းကျင်ပညာရှင်များ၊ ဘွိုင်လာစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး (အငြိမ်းစား)များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်း တက်ရောက်ထားသူများသည် ကျွမ်းကျင်လက်မှတ်ထုတ်ပေးချိန်တွင် အဆင်သင့်ဖြစ်နေမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်အောင်မြင်ပြီး မိမိလုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်လာနိုင်သည်နှင့် အမျှ လုပ်ငန်းခွင်တွင် ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူများ မတော်တဆ ထိခိုက်မှုများ၊ ပေါက်ကွဲမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ စက်ရုံများရှိ ဘွိုင်လာများကို ထိန်းသိမ်းရာတွင်လည်း စနစ်တကျကျွမ်းကျင်စွာ လုပ်ကိုင်နိုင်မည်ဖြစ်သည့်အတွက် ဘွိုင်လာများ ပျက်စီးယိုယွင်းမှုနည်းပြီး စက်ရုံ၏ ကုန်ထုတ်မှုစွမ်းအားများ တိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူများအနေဖြင့် နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ယခုသင်တန်းက ပို့ချသော ဘာသာရပ်များကို ကြိုးစားလေ့လာပြီး သင်ယူကြရန် ပြောကြားသည်။

ယခုသင်တန်းကို ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိ ခြောက်ပတ်ကြာ ဖွင့်လှစ်၍ ဌာနဆိုင်ရာနှင့် ပြင်ပသင်တန်းသားသင်တန်းသူ စုစုပေါင်း ၆၀ တက်ရောက်မည်ဖြစ်ပြီး မြေပြင်တွင် ဘွိုင်လာများကို စစ်ဆေးနေသည့် အတွေ့အကြုံရှိ ဆရာ ဆရာမများက စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာမြို့နှင့် ပြင်ဦးလွင်မြို့တို့သို့ သွားရောက်၍ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များအား တွေ့ဆုံစဉ် လမ်းညွှန်မှာကြားချက်များနှင့် ပတ်သက်သည့် ရှင်းလင်းခြင်း အစည်းအဝေးကို တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာမြို့နှင့် ပြင်ဦးလွင်မြို့တို့သို့ သွားရောက်၍ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များအား တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ်၏ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လမ်းညွှန်ချက်များနှင့် လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၂၄ မှ

ထိုကဲ့သို့ ပန်းပွဲတော်နှင့် ပြင်ဦးလွင်မြို့၏ အေးချမ်းသာယာလှပမှုကို လာရောက်ခံစားကြသည့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ အထူးစည်ကားလျက်ရှိသဖြင့် ဇန်နဝါရီ ၁၉ ရက်အထိ တစ်ပတ်တိုးမြှင့် ဖွင့်လှစ်ထားကြောင်း သိရသည်။

### စည်ကားများပြား

ပြင်ဦးလွင်ဒေသသည် မြန်မာနိုင်ငံ၏ ခရီးသွားဒေသများအနက် အထင်ကရဒေသတစ်ခုဖြစ်ပြီး အေးမြ၍သန့်ရှင်းလတ်ဆတ်သည့် ရာသီဥတုနှင့် စိမ်းလန်းစိုပြည်သည့် ရေမြေတောတောင်သဘာဝများ၊ ဒေသထွက်အစားအသောက်များ၊ ဒေသခံများ၏ ဖော်ရွေပျူငှာမှုတို့နှင့်အတူ ပန်းပေါင်းစုံတို့၏ ဖူးပွင့်ဝေဆာမှုတို့ဖြင့် ကောင်းသတင်းဝေဆာသည့် မြို့တစ်မြို့ဖြစ်သည်။ ထို့ပြင် ဆောင်းရာသီ၏ အထင်ကရ ပန်းတစ်မျိုးဖြစ်သည့်၊ တစ်နှစ်လျှင် တစ်ကြိမ်သာပွင့်သည့် ချယ်ရီပန်းများ တစ်မြို့လုံး ဝေဆာအောင် ဖူးပွင့်လေ့ရှိကြသဖြင့်လည်း ချယ်ရီမြို့တော်အဖြစ် လူသိများသည်။ ချယ်ရီပန်းများသည် နှစ်စဉ် ဒီဇင်ဘာနှင့် ဇန်နဝါရီလတို့မှစတင်၍ ဖူးပွင့်ကြပြီး ဖေဖော်ဝါရီနှင့် မတ်လတို့အထိ အပင်ပေါ်တွင် အပွင့်များဝေဆာစွာ တင်ကျန်လေ့ရှိကြသည်။ ယခုနှစ်တွင် ပြင်ဦးလွင်မြို့၌ ချယ်ရီပန်းများ ပွင့်ချိန်နောက်ကျသည်ဟုလည်း ဒေသခံများထံမှ သိရသည်။ ယခုနှစ် ပန်းပွဲတော်ကာလအတွင်း အမျိုးသားကန်တော်ကြီးဥယျာဉ် အပါအဝင် ပြင်ဦးလွင်မြို့အတွင်း အပန်းဖြေနေရာများ၌ ပြည်တွင်း၊ ပြည်ပမှ လာရောက်လည်ပတ်အပန်းဖြေအနားယူသူများ၊ ပြင်ဦးလွင်မြို့ရှိ တန်ခိုးကြီးဘုရားများသို့ လာရောက်ဖူးမြော်ကြည်ညိုသူများဖြင့် အထူးစည်ကားများပြားလျက်ရှိကြောင်းကိုလည်း သိရသည်။



ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်သို့ လာရောက်လည်ပတ် အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

### ပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသထား

အမျိုးသားကန်တော်ကြီးဥယျာဉ် အထိမ်းအမှတ်နှစ်(၁၀၀)ပြည့် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ကို ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်း၊ ပြည်ပပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများ ပြသသည့် ဇုန်တစ်ခုအပါအဝင် ဇုန်ရှစ်ခုပါဝင်၍ ရာသီပန်းမျိုးစိတ် ၂၀ မှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ၂၀ စုစုပေါင်းပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသထားကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ဈေးရောင်းပွဲတော်၊ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့် အစီအစဉ်များလည်းပါရှိကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်၊ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းနှင့် အထင်ကရနေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက်ပန်းပွဲတော်သို့ လာရောက်လည်ပတ် အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ပြင်ဦးလွင်မြို့ရှိ ချယ်ရီပင်များ၌ ပန်းများ ဝေဆာစွာဖူးပွင့်နေမှုကို တွေ့ရစဉ်။

# စူဠာမုနိရုပ်ရှင်တော်မြတ် ဘက်စုံသုံးရန်အတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်း



**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အတုမရှိကျောင်းတော်ကြီးအတွင်း၌ သီတင်းသုံးတော်မူလျက်ရှိသော စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံသုံးရန်အတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် မန္တလေးမြို့နေ ဦးအောင်အောင်နှင့်ဇနီး ဒေါ်လှလှဝေ(ဂရိတ် စိန်ရွှေရတနာ ရောင်းဝယ်ရေး)မိသားစုက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် အလှူရှင်မိသားစုက အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ

# ပြာသိုလပြည့်နေ့တွင် မန္တလေးမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီတော်များ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**မန္တလေး ဇန်နဝါရီ ၁၃**

ပြာသိုလသည် မြန်မာ့လများတွင် ဆယ်လမြောက်လဖြစ်ပြီး ထူးခြားသောလလည်းဖြစ်သည်။ အကြောင်းမှာပြာသိုလပြည့်နေ့သည် အမေနေ့ ဖြစ်သည်။

ပြာသိုလပြည့်နေ့ နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီတော်များတွင် ကုသိုလ်ကောင်းမှု ပြုသူများ၊ ဥပုသ်သီတင်းသီလစောင့်တည်သူများဖြင့် စည်ကားများပြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် မဟာမုနိဘုရားကြီးရေတော်ဆရာတော် ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပြီး ဆီမီးများ ထွန်းညှိပူဇော်သူများ ဖြင့် စည်ကားခဲ့သည်။

အလားတူ မန္တလေးမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများတွင် ဘုရားဖူးလာပြည်သူများ၊ ဥပုသ်သီတင်းသီလဆောက်တည်သူများဖြင့် စည်ကားခဲ့သည်။ ထို့ပြင် မန္တလေးမြို့ရှိ ရတနာပုံဥယျာဉ် အပါအဝင် ဥယျာဉ်များ၊ ပန်းခြံများတွင်လည်း လည်ပတ်သူများဖြင့် စည်ကားများပြားခဲ့သည်။

အလားတူ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အတုမရှိကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူလျက်ရှိသော စူဠာမုနိရုပ်ရှင်တော်မြတ်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင်လည်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ဝန်ထမ်းများက ဝတ်ရွတ်စဉ်များအတိုင်း ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ စူဠာမုနိရုပ်ရှင်တော်မြတ်စွာဘုရားတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနများက ဌာနအလိုက် နေ့စဉ်ဝတ်ရွတ်စဉ်များအတိုင်း ရွတ်ဖတ်ပူဇော်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# မြို့မဈေးအတွင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်

**စဉ့်ကိုင် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် မြို့မဈေးအတွင်း၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်က ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဈေးသူ၊ ဈေးသားများနှင့်အတူ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြသ ဆောင်ရွက်ခဲ့ပြီး ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များဖြင့် လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၉)

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။**

# မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)တွင် ကျင်းပသည်။

ရှေးဦးစွာ အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဦးစိန်ကျော်လှိုင်က အမှာစကားပြောကြားခဲ့ပြီး အမှတ်(၅၅)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ် ကျော်စိုးလင်းက မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းတို့ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများအကြောင်းကို ဟောပြောခဲ့သည်။ ၎င်းနောက် အမှတ်(၉၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးအောင်ကျော်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ ဟောပြောခဲ့ပြီး အမှတ်(၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(မိတ္ထီလာ)မှ ဒုရဲမှူးကျော်စိုးလှိုင် က ပြည်တွင်း၊ပြည်ပသို့ ပို့ဆောင် ကျူးလွန်လျက်ရှိသည့် လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုတို့၏ ခြားနားချက်များ၊ ရွှေ့ပြောင်း သွားလာခြင်းမှ လူကုန်ကူးမှု ဖြစ်ပေါ်လာပုံ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ သိကောင်းစရာများနှင့် အသစ်ပြဋ္ဌာန်းထားသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပါ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(၄၆၉)

ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၅) သင်တန်းဖွင့်လှစ်



**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲက မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ သင်တန်းနည်းပြများ၊ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ အထက်တန်းပြဆရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများကိုလည်း ဆရာဖြစ်သင်တန်းနှင့် ဥပဒေအသိပညာပေးခြင်းများ သင်တန်းဖွင့်လှစ်ပို့ချပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား လုပ်ငန်းခွင်မပျက်ဘဲ ဥပဒေအသိပညာ ဗဟုသုတများ ရရှိစေရေးအတွက် ယခုသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အုပ်ချုပ်ရေးယန္တရားကို အဓိကမောင်းနှင်လုပ်ဆောင်နေရသည့်ဌာနဖြစ်၍ အခြားဌာနများ၊ ဝန်ထမ်းများနှင့်မတူဘဲ ဥပဒေကို ပိုမိုသိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ သို့မှသာ လုပ်ငန်းများဆောင်ရွက်ရာတွင် မှန်ကန်ထိရောက်စွာ လုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း၊ သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ လောင်းကစားဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေစသည့် ဥပဒေဘာသာရပ် ၅ခု သင်ကြားပို့ချသွားမည်ဖြစ်ပါကြောင်း၊ စိတ်ပါဝင်စားစွာ လေ့လာမှတ်သားပြီး သင်တန်းကရရှိလာသည့် ဥပဒေဗဟုသုတ၊ အသိများဖြင့် မိမိတို့လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်တွင် ပြန်လည်အသုံးချကာ အမှားအယွင်းနှင့် အပြစ်ကင်းစင်ပြီး၊ အကျိုးရှိ မှန်ကန်ထိရောက်သည့် လုပ်ရပ်များဖြင့် နိုင်ငံနှင့်ပြည်သူအတွက် ကောင်းကျိုးရလဒ်များကို ဖော်ဆောင်နိုင်မည်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

၄င်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်းနှင့် သင်တန်းအား ၅ရက် ပို့ချသွားမည်ဖြစ်ပြီး အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၁၅ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၄)**



## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်

**မကွေး ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထက်ဇော်မင်းက မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကတ်၊ ရေပုံး၊ သဲပုံး၊ မီးသတ်ဆေးဘူး၊ အပေါ့စားမီးသတ်စက်များ အသင့်အသုံးပြုနိုင်စေရေး စစ်ဆေးခြင်း၊ ထပ်မံဖြည့်တင်းထားရှိရန်နှင့် မီးသတ်ယာဉ်များ အလွယ်တကူ ဝင်၊ ထွက်သွားနိုင်ရေး စစ်ဆေးအကြံပြုဆောင်ရွက်ခဲ့သည်။**(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

၀-၀-၀-၀-၀

## အသက် ၈၅နှစ်အထက် အဘိုး၊ အဘွားများအား လူမှုရေးပင်စင်ငွေများ ထောက်ပံ့ပေးအပ်

**မကွေး ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ အသက် ၈၅နှစ်အထက် အဘိုး၊ အဘွားများအား နိုင်ငံတော်မှ ထောက်ပံ့သည့် လူမှုရေးပင်စင်ငွေများကို ယမန်နေ့မှ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ လူမှုရေးပင်စင်ငွေများအား ထုတ်ပေးရာတွင် ရေနံချောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အဘိုး၊ အဘွား ၄၇၂ ဦးအား တစ်ဦးလျှင် သုံးလတစ်ကြိမ် ငွေကျပ် ၃၀၀၀၀ ကို ဘဏ်ဖွင့်ရက်များတွင် ထုတ်ပေးလျက်ရှိပြီး ဆက်လက်၍ လူမှုရေးပင်စင်ငွေများကို နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မြန်မာ့စီးပွားရေးဘဏ်၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**(အပေါ်ပုံ)(၄၇၂)**

၀-၀-၀-၀-၀

## ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ(အမျိုးသား၊အမျိုးသမီး) အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၃**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး)အပြည်ပြည်ဆိုင်ရာ စစ်တုရင် တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှိ ပညာပြည့်ဝနှလုံးလှခန်းမ၌ ကျင်းပပြုလုပ်သည်။

ပြိုင်ပွဲအား စစ်တုရင်ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာစုစုဝင်းက စကွက်ရွှေ့ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် စစ်တုရင်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဘာသာရပ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသား (၅၇)ဦးနှင့် အမျိုးသမီး(၁၈)ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်းနှင့် ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်များအား ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ စစ်တုရင်ပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ စစ်တုရင်ပြိုင်ပွဲကို ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် စစ်တုရင်ဥပဒေများနှင့်အညီ ဆွစ်စနစ်(Swiss System)ဖြင့် (၇)ပွဲ ကစားရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အသင်းလိုက် အရောပုံစံဖြင့် ကစားသွားမည်ဖြစ်ကြောင်းနှင့် စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ ၁၃ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၈၂)**




## မြန်မာနေရှင်နယ်လိဂ်-၂သို့ တန်းတက်ကစားခွင့်ရမည့် MNL-2 Promotion Amateur Club Toumament 2025 ပြိုင်ပွဲအတွက် ပါဝင်လိုသည့်အသင်းများ စတင်စာရင်းပေးသွင်းနိုင်

မြန်မာနေရှင်နယ်လိဂ်-၂သို့ တန်းတက်ကစားခွင့်ရမည့်MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲကို လာမည့် မတ် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အထက်မြန်မာပြည်၊ အောက်မြန်မာပြည် Amateur လိဂ်ပြိုင်ပွဲများမှ ကလပ်အသင်းများနှင့် အခြားဝင်ရောက်ယှဉ်ပြိုင်လိုသည့် Amateur ကလပ်အသင်းများ စတင်စာရင်းပေးသွင်းနိုင်ပြီ ဖြစ်သည်။

MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်သည့် ပထမ၊ ဒုတိယရရှိသည့် အသင်းနှစ်သင်းသည် လာမည့် MNL-2 League 2025 အမှတ်ပေးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ တန်းတက်ကစားခွင့်ရသည့် အသင်းများအနေဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၊ အာရှဘောလုံးအဖွဲ့ချုပ်(AFC)တို့မှ ချမှတ်ထားသည့် ပရော်ဖက်ရှင်နယ်ကလပ် Criteria များဖြစ်သည့် FIFA Connect(National Online Registration System), AFC Club Licensing Criteria များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

MNL-2 Promotion Amateur Club Tournament 2025ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် အသင်းများအနေဖြင့် MNL-2 League 2025 သို့ တန်းတက်ကစားခွင့်ရပါက အသင်းအားအဆင့်အတန်းမီစွာ ယှဉ်ပြိုင်နိုင်ရန် လိုအပ်သလို ရေရှည်ဖွဲ့စည်း ယှဉ်ပြိုင်နိုင်သည့် ဘဏ္ဍာရေးအင်အားတောင့်တင်းခိုင်မာရန် လိုအပ်ပါသည်။ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်း စာရင်းပေးသွင်းမှုအား ၂၀၂၅ခုနှစ် ဖေဖော်ဝါရီ ၄ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်သို့ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း ၀၉-၄၂၀၀၁၇၀၄၀သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(NGB)**

MNL II PROMOTION AMATEUR CLUB TOURNAMENT 2025

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ကမ္ဘောဇဘဏ်ခွဲ(၃၇)အား သေနတ်ပြခြိမ်းခြောက်၍ ဝင်ရောက်လုယက်သူ အမျိုးသားတစ်ဦးကို ဘဏ်ဝန်ထမ်းများက ဝိုင်းဝန်းဖမ်းဆီးရာ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ ၉ မမကျည် ငါးတောင့်တို့နှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၃



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ကမ္ဘောဇဘဏ်ခွဲ(၃၇)အား သေနတ်ပြခြိမ်းခြောက်၍ ဝင်ရောက်လုယက်သူ အမျိုးသားတစ်ဦးကို ဘဏ်ဝန်ထမ်းများက ဝိုင်းဝန်းဖမ်းဆီးရာ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ ၉ မမကျည် ငါးတောင့်တို့နှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် လမ်း ၄၀၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြားရှိ ကမ္ဘောဇဘဏ်ခွဲ(၃၇)၌ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် လုယက်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကမ္ဘောဇဘဏ်ခွဲ(၃၇)အတွင်းသို့ ပြောက်ကျားအင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်အနက်ရောင်ဝတ်ဆင်ထားသူ အမျိုးသားတစ်ဦး(စိစစ်ဆဲ) က ငွေလွှဲ/ငွေထုတ်ပြုလုပ်ဟန်ဆောင်ကာ ဝင်ရောက်လာပြီး ဘဏ်ကောင်တာ အမှတ်(၄)ရှေ့အရောက် အသင့်ယူဆောင်လာသည့် သေနတ်ဖြင့် ဘဏ်ဝန်ထမ်းများအား ချိန်ရွယ်ခြိမ်းခြောက်၍ ၎င်းလွယ်လာသည့် ကျောပိုးအိတ်အတွင်း ငွေများအားထည့်ခိုင်းကာ လုယက်ယူဆောင်၍ ဘဏ်အတွင်းမှ ပြန်လည်ထွက်ခွာစဉ် ဘဏ်ဝန်ထမ်းများနှင့် တာဝန်သိပြည်သူများက လုယက်သူအမျိုးသားအား ဝင်ရောက်လုံးထွေးဖမ်းဆီးရာ ၎င်းမှ သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ခဲ့သဖြင့် ဒုမန်နေဂျာဖြစ်သူ ဦးလမင်းကိုကို၏ ဝဲဘက်လက် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ပြီး လုယက်မှုကျူးလွန်သူ တရားခံ အောင်ပြည့်ဖြိုး(ခ)ရောင်နီ(၃၂)နှစ်၊ (ဘ) ဦးညီညီ၊ မှန်တန်းရပ်ကွက် အမရပူရမြို့နယ်နေသူအား လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ ၉ မမကျည် ငါးတောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တရားခံ အောင်ပြည့်ဖြိုး(ခ) ရောင်နီအား မဟာအောင်မြေမြို့နယ် အမှတ်(၉)နယ်မြေရဲစခန်း၌ (ပ)၁၁/၂၀၂၅ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၃၀၇ ဖြင့် အမှုဖွင့်လှစ်စစ်ဆေးခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ အောင်ပြည့်ဖြိုး (ခ) ရောင်နီ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၁ ရက် ည ၆ နာရီ ၅ မိနစ်တွင် ၎င်း၏မိဘနေထိုင်ရာ အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ နေအိမ်ရှိ အိမ်သာအမိုးကြားမှ လက်လုပ်သေနတ်အတိုနှစ်လက်၊ ဂျင်ကလီ ၁၈ ချောင်း၊ တီရှပ်အင်္ကျီတစ်ထည်တို့ကိုလည်းကောင်း၊ ည ၆ နာရီ မိနစ် ၂၀ တွင် ၎င်းငှားရမ်းနေထိုင်သည့် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ၉ မမကျည် ၁၈ တောင့်၊ MDY 1W/59983 စူပါကတ်အမျိုးအစားဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း အသီးသီးသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ တရားခံ အောင်ပြည့်ဖြိုး (ခ) ရောင်နီအား စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၂၃ ခုနှစ် ၆ လပိုင်းခန့်က ခင်မင်ရင်းနှီးသူ ကိုနိုင်ဦး(ခ)ကိုဦး(ခ) လောင်ချာ(စိစစ်ဆဲ)နှင့်အတူ စဉ့်ကိုင်မြို့နယ် တဘတ်ခွဲကျေးရွာအနီးရှိ သရက်ခြံအတွင်း ဖွင့်လှစ်သော PDF အကြမ်းဖက်သင်တန်းအား တက်ရောက်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့် နေအိမ်များ၌ ထပ်မံရှာဖွေသိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများအား ကိုနိုင်ဦး(ခ) ကိုဦး(ခ)လောင်ချာထံမှ ဖုန်းဖြင့် ချိတ်ဆက်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ကိုနိုင်ဦး(ခ)ကိုဦး(ခ)လောင်ချာထံ ဖုန်းဖြင့်ဆက်သွယ်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့သို့ ငွေများအား အကြိမ်ကြိမ်ထောက်ပံ့ခဲ့ကြောင်းနှင့် အကြမ်းဖက်အဖွဲ့သို့ ထပ်မံငွေကြေးထောက်ပံ့ပေးရန် ရည်ရွယ်၍ ကမ္ဘောဇဘဏ်(၃၇) အား ဝင်ရောက်ပစ်ခတ် လုယက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်မှ ဖမ်းဆီးရမိတရားခံ အောင်ပြည့်ဖြိုး(ခ) ရောင်နီသည် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၎င်းအကြမ်းဖက်အဖွဲ့သို့ ငွေကြေးထောက်ပံ့ရန်ရည်ရွယ်၍ ကမ္ဘောဇဘဏ်(၃၇)အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ဝင်ရောက်လုယက်ခဲ့မှုကြောင့် ဘဏ်ဝန်ထမ်းတစ်ဦး ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် ၎င်းအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

## မဟာအောင်မြေမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်



မန္တလေး ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ချမ်းမြသာစည် မြောက်ရပ်ကွက်အတွင်းရှိ လူနေအိမ်များကို မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညွန့်ဝင်းအောင် ဦးဆောင်၍ သန္နေ မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ ဖြင့် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

## မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်း ပူးပေါင်းဆောင်ရွက် လေ့ကျင့်သရုပ်ပြ

**ညောင်ဦး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မဏိစည်သူဈေးကြီးမီး မီးဘေးကြိုတင်ကာကွယ်ရေး၊ ပွင့်လင်းရာသီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်သည့်အနေဖြင့် ယနေ့ မွန်းလွဲ ၂ နာရီက မီးဘေးကြိုတင်ကာကွယ်ရေး ဈေးသူဈေးသားများနှင့် ဈေးမိဈေးဖများ လက်တွေ့မီးငြိမ်းသတ်နည်း လေ့ကျင့်ဇာတ်တိုက်ပြုလုပ်ခဲ့ကြသည်။

အဆိုပါ မဏိစည်သူ(မြို့မဈေးကြီး)မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁)၊ ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်ဝင်း၊ ခရိုင်စီမံအဖွဲ့ဝင်များ ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိန်းထွန်း၊ စည်ပင်အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်မင်းသူ ဈေးမိဈေးဖများ၊ ဈေးသူဈေးသားများသည် ခရိုင်/မြို့နယ် မီးငြိမ်းသတ်ယာဉ်များဖြင့် မဏိစည်သူဈေးကြီး ပတ်ပတ်လည်မှ လက်တွေ့ မီးငြိမ်းသတ်နည်းသရုပ်ပြရေ ဖျန်းပက်ခြင်း၊ ဈေးသူဈေးသားများမှ လက်တွေ့မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းများ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မဏိစည်သူဈေးကြီးအတွင်းရှိ မီးသတ်ရေအုတ်ကန်များမှ ရေတိုင်ဖြင့် ရေဖြန်းပက် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

(၄၈၁)

၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

## မင်းဘူးမြို့နယ် ရွှေစက်တော်အနီး အိုးပြင်မဲရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မီးရှို့ဖျက်ဆီးသဖြင့် နေအိမ် ၃၆ လုံး ပျက်စီးပြီး ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း မဟုတ်မမှန်ရေးသားထုတ်လွှင့်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွှေစက်တော်အနီးရှိ အိုးပြင်မဲရွာကို ဇန်နဝါရီ ၁၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မီးရှို့ဖျက်ဆီးခြင်းကြောင့် နေအိမ် ၃၆ လုံး ပျက်စီးခဲ့ကြောင်း ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်များအရ အဆိုပါကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အလိုကျလိုက်ပါဆောင်ရွက်ခြင်းမရှိသည့် ဒေသခံပြည်သူများနေထိုင်သည့် ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများက အဆိုပါကျေးရွာအား မီးရှို့ဖျက်ဆီးသည်ကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချ လုပ်ကြံ ဖန်တီးရေးသားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




**ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု**

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ




## Kingdom+ Moving+ Light Shop တို့ကို Disney+ မှ ထုတ်လုပ်ထား

နက်ဖလစ်နှင့်ဒစ်စနေးတို့ အကျိုးတူပူးပေါင်း၍ Kingdom ကိုအစမှစ၍ အသစ်ပြန်ရိုက်မည်ဖြစ်ပြီး Moving နှင့် Light Shop ဖန်တီးသူနှင့် Kingdom ဖန်တီးသူတို့ကိုကမ်းလှမ်း၍ သုံးကားမြောက်ချိတ် ဆက်ထွက်ရှိလာမည်ဟု ကိုရီးယားဘိုးဝက်ဆိုက်တွင် ဖော်ပြသည်။

ဒစ်စနေးက မာဘယ်လ်ကို အကြွေးနှင့် အပိုင်သိမ်းယူပြီးနောက် အနာဂတ်တွင် အာရှဘက်မှစူပါဟီးရိုးများကိုထည့်သွင်းချိတ်ဆက်ရန် ခြောက်နှစ်ကြာ စီစဉ်ထားရာမှ ဒစ်စနေးက တစ်ကမ္ဘာလုံးစိတ်ဝင်စားလာရန် သုံးကားပေါင်းစပ်ထုတ်လုပ်ခဲ့သည်။

အဆိုပါဇာတ်ကား Moving နှင့် Light Shop ကိုအချိန်ရပ်သည့် ဟီးရိုးများနှင့် ချိတ်ပေးပြီး Kingdom ဇာတ်ကားကိုပါ ဘုရင်ခေတ်ထဲမှ စူပါဟီးရိုးများဇာတ်ကားနှင့် စတည်ထောင်ထားပြီး မသေဆေးဖော်ကြရင်း ဇွန်ဘီဖြစ်လာကာ ဆင့်ကဲပြောင်းလဲလာပုံကို တင်ပြရိုက်ကူးထားခြင်းဖြစ်သည်။ (SKY)

## Peaky Blinders ရုပ်ရှင်သစ်ကို The Immortal Man ဟု အမည်ပေးပြီး ရိုက်ကူးရေး ပြီးစီး


ဒါရိုက်တာတွန်ဟက်ပါ ရိုက်ကူးထားသည့် ရုပ်ရှင်Peaky Blinders မှာအတွဲခြောက်တွဲနှင့် အဆုံးသတ်ထားပြီး ဇာတ်လမ်းတွဲမှရုပ်ရှင်တစ်ကားအဖြစ် ဖန်တီးရာ၌ The Immortal Man ဟု အမည်ပေးထားပြီး ရိုက်ကူးရေးပြီးစီးပြီဟု ဟောလိဝုဒ်အက်ဒိတ်တွင်ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် စီလီယံမာဖျူကို ပြန်တွေ့ရမည်ဖြစ်ပြီး သရုပ်ဆောင်အသစ်များစွာအားဖြည့်ထားရာ ရီဘက်ကာဖာဂူဆန်၊ တင်ရှော့သ်၊ စတီဗင်ဂါဟန်၊ ဆိုဖီယာရမ်ဒေး၊ ပါကေလီစသည်တို့ပါဝင်ထားကြသည်။

လက်ရှိရိုက်ကူးရေးပြီးဆုံးသွားပြီး ၂၀၂၅ ခုနှစ် နှစ်လယ်တွင် နက်ဖလစ်မှ ကြည့်ရှုနိုင်ပြီဖြစ်ကာ၊ ဇာတ်လမ်းတွဲအဆုံးသတ် မြင်းဖြူကြီးစီး၍ ထွက်သွားသော တွန်မီ၏ အခက်အခဲများနှင့် ရင်ဆိုင်ရပုံကို ဆက်လက်ရိုက်ကူးထားခြင်းဖြစ်သည်။ (SKY)




## Kannu Reeves ကမ္ဘာ့ဝင်ငွေ အကောင်းဆုံး အနုပညာရှင်ဖြစ်လာ



ဂျွန်ဝစ်မင်းသားကီနူးရိဗ်သည် ကမ္ဘာ့ဝင်ငွေအကောင်းဆုံးအနုပညာရှင်ဖြစ်ခဲ့ပြီး ဝင်ငွေဒေါ်လာ ၁၅၆ သန်းရရှိကာ The Matrix ရုပ်ရှင်နှင့် အဓိကရရှိထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

ကီနူးရိဗ်၏ The Matrix ရုပ်ရှင်သည် ပရိသတ်ကြားရေပန်းစားခဲ့ကာ ဝင်ငွေအမြောက်အမြားနှင့် ကမ္ဘာ့ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ကာ တွမ်ခရုစ်သန်းတစ်ရာနှင့် ဒုတိယ၊ ဘောလိဝုဒ်မှ ရှာရွတ်ခန်းက တတိယနေရာရရှိခဲ့သည်။

ကီနူးရိဗ်၏ TheMatrix စီးရီးအတွက် အမြတ်ခွဲဝေမှု စာချုပ်ကို ကျွမ်းကျင်စွာညှိနှိုင်းနိုင်ခဲ့၍ ဟောလိဝုဒ်သမိုင်းတွင် ဝင်ငွေအများဆုံးရရှိသည့် အနုပညာရှင်ဖြစ်ခဲ့ပြီး ကမ္ဘာ့ဝင်ငွေအကောင်းဆုံးမင်းသားများစာရင်းတွင် ထိပ်ဆုံးနေရာရောက်ခဲ့ခြင်း ဖြစ်သည်။

ကီနူးရိဗ်က သူရသည့်ဝင်ငွေကိုပရဟိတလုပ်ငန်းများတွင်သုံးစွဲခဲ့ပြီး၊ သူယုံကြည်သည့် ပရောဂျက်များတွင် လစာလျှော့ယူ သရုပ်ဆောင်သည်မှာထူးခြားချက်တစ်ခုဖြစ်ခဲ့သည်။ (SKY)




## G Dragon ၏ Home Sweet Home အောင်မြင်မှုနှင့်အတူ ဂီတစွမ်းရည်ကျော်လွန်မှုကို တွေ့ရ

ကေပေါ့ပထမမျိုးဆက်မှ ပဉ္စမမျိုးဆက်အထိ ပရိသတ်အချစ်ကိုရရှိထားသည့် ဂျီဒရယ်ဂွန်ခေါ် ကွမ်ဂျီယောင်မှ ဂီတစွမ်းရည်မြင့်မားရုံသာမက ကျော်လွန်သည့်အဆင့်ထိရောက်ရှိနေသည်ကို သူ၏တစ်ကိုယ်တော် ဂီတ Power နှင့် Home Sweet Home တို့တွင် တွေ့မြင်ရပြီး အောင်ပွဲခံနေဆဲဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


ဂျီဒရယ်ဂွန်ကိုရက်ပ်ပါအနေဖြင့်လူသိများသော်လည်း ၂၀၁၄ ခုနှစ်တွင် Ballod Song ကိုအလှပဆုံးဆိုပြသွားခဲ့ပြီး ၂၀၂၄ ခုနှစ်တွင်လည်း The Best Ballod Singer အဖြစ် ထိပ်ဆုံးစာရင်းဝင်ခဲ့သည်။

ဘစ်ဘန်အဖွဲ့ဝင်ဟောင်းများဖြစ်ကြသည့် ဂျီဒရယ်ဂွန်၊ တေယွန်နှင့် ဒေဆောင်းတို့၏ Home Sweet Home မှာ အက်စ်ဘီအက်စ်အင်ကီဂါယိုတွင် ပထမနေရာနှင့် Power ၏အောင်မြင်မှုမှာလည်း ကမ္ဘာကျော်မှတ်တိုင်စိုက်ထူထားသည်။ (SKY)

## A Beautiful Mind မှာ သင်္ချာပညာရှင်တစ်ဦး၏ဖြစ်ရပ်မှန်ကို ရိုက်ကူးထား

နိုဗယ်ဆုရရှိထားသည့် သင်္ချာပညာရှင်ဂျွန်နပ်ရှ်၏ ဖြစ်ရပ်မှန်ဘဝဇာတ်ကြောင်းကို ရိုက်ကူးထားသည့် A Beautiful Mind မှာ ကိုယ့်စိတ်ကိုအနိုင်ယူခြင်းလည်းဖြစ်သည်ဟုဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဘဝ၏အနိမ့်အမြင့်အတက်အကျနှင့် သူ၏ စိတ်အခြေအနေကို ခက်ခက်ခဲခဲကျော်ဖြတ်ခဲ့ရပုံကို အဓိကထားရိုက်ကူးထားရာ Nobel Laureate in Economics ဆုကိုပင်ရရှိခဲ့သည်။




သူ၏အိုက်ဒီယာများသည် ကမ္ဘာ့စီးပွားရေးကို များစွာအထောက်အကူဖြစ်ခဲ့၍ နိုဘယ်လ်ဆုရရှိကာ လူအများကရှုနေသည်ဟုထင်ခဲ့ရာမှ ကိုယ့်စိတ်ကိုပြန်အနိုင်တိုက်ရင်း သင်္ချာပညာရှင်ဆရာတစ်ဦးအဖြစ် ပြန်လည်ကြိုးစားပုံကို ကြည့်ရှုကြရမည်ဖြစ်သည်။ (SKY)



## နံနက်ခင်းတွင် ကော်ဖီပုံမှန်သောက်သူများ နှလုံးရောဂါဖြစ်နိုင်ခြေနည်းကာ အသက်ရှည်နိုင်

ကော်ဖီသောက်ခြင်း၏ အကျိုးရလဒ်နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ် နယူးအော်လင်းမြို့ရှိ တူလိန်းတက္ကသိုလ် လူထုကျန်းမာရေးနှင့်အပူပိုင်းဆေးပညာဌာနမှ ပါမောက္ခဒေါက်တာလူချီဦးဆောင်သော သုတေသီများ စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ နံနက်ခင်းတွင် ကော်ဖီပုံမှန်သောက်သူများ နှလုံးရောဂါဖြစ်နိုင်ခြေနည်းကာ အသက်ရှည်နိုင်ကြောင်း မကြာသေးမီကဖော်ထုတ်တွေ့ရှိခဲ့သည်။ ၁၉၉၉ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အကြား အရွယ်ရောက်ပြီးသည့် အမျိုးသား၊ အမျိုးသမီး ၄၀၇၂၅ဦးတို့၏ ကော်ဖီသောက်သည့် အလေ့အထအပေါ်အခြေခံ၍ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပါမောက္ခလူချီက ရှင်းလင်းပြောကြားသည်။

နေ့လယ်မရောက်ခင် ကော်ဖီသောက်သူအများစုမှာ နှလုံးကျန်းမာရေးမကောင်းသဖြင့် သေဆုံးနိုင်ခြေနည်းပါးမည်ဟု မိမိတို့သုတေသနရလဒ်က မီးမောင်းထိုးပြခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်းသိရသည်။ (SCI)

## Love in the Big City ပရိသတ်ကြားရေပန်းစား




မင်းသမီး ကင်ဂိုအွန်း ပါဝင်ထားသည့် Love in the Big City ရုပ်ရှင်မှာ သူငယ်ချင်းမိတ်ဆွေအကြောင်းပုံဖော်ထားပြီး ပရိသတ်ကြားရေပန်းစားနေသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကြော်ငြာတွင် အဓိကပေးထားသောအချက်မှာ "သူငယ်ချင်းအများကြီးမရှိလျှင်နေပါစေ၊ ကိုယ်နှင့်ရင်ဘတ်ချင်းတူသည့် သူငယ်ချင်းတစ်ယောက်ရှိသည်နှင့်ပင် ဘဝကြီးကနေပျော်ပါသည်" ဟူ၍ဖြစ်သည်။

လက်ရှိလူ့ဘဝကြား သူငယ်ချင်းခင်မင်မှုမှာအရေးတကြီးလိုအပ်ချက်တစ်ခုဖြစ်၍ ပရိသတ်များကြားစိတ်ဝင်စားသော ရုပ်ရှင်ဇာတ်ကားဖြစ်ခဲ့သည်။ (SKY)

# နော်ဝေတစ်နိုင်ငံလုံး၌ လျှပ်စစ်ကားများသုံးနေပြီ၊ နှစ် ၃၀ အတွင်း ဓာတ်ဆီကားများ သိသာစွာ လျော့နည်း



**အော်စလို ဇန်နဝါရီ ၁၃**

နော်ဝေတစ်နိုင်ငံလုံး၌ လွန်ခဲ့သော ၂၀၂၄ ခုနှစ်အတွင်း လျှပ်စစ်ကားများကို တွင်ကျယ်စွာ သုံးနေပြီဖြစ်ပြီး နှစ်ပေါင်း ၃၀ အတွင်း ဓာတ်ဆီကားများ သိသာစွာ လျော့နည်းလာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဓာတ်ဆီနှင့် ဒီဇယ်လောင်စာသုံး မော်တော်ကားများကြောင့် ဖြစ်ပွားသော လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရန်အတွက် နော်ဝေနိုင်ငံတွင် လျှပ်စစ်ကားများ တိုးမြှင့်အသုံးပြုရန် အစိုးရက တိုက်တွန်းအားပေးခဲ့သည်။

အများပြည်သူတို့ဘက်ကလည်း လေထုညစ်ညမ်းမှုကို လျှော့ချလိုသော အသိစိတ်ဓာတ်ရှိသဖြင့် ယခုနောက်ပိုင်းတွင် ဓာတ်ဆီနှင့် ဒီဇယ်ကားများနေရာတွင် လျှပ်စစ်ကားများကို အစားထိုးသုံးစွဲလာခဲ့ကြသည်။

ဥရောပသမဂ္ဂဝင်နိုင်ငံများတွင် လာမည့် ၂၀၃၅ ခုနှစ်၌ ဓာတ်ဆီနှင့် ဒီဇယ်ကားများ မရောင်းရဟု ပိတ်ပင်မည်ဖြစ်ပြီး ဗြိတိန်နိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်တွင် ယင်းပိတ်ပင်မှုပြုလုပ်ရန် စီစဉ်နေကြောင်း သိရသည်။ **Mon**



# ဂရင်းလန်ကျွန်းသို့ ထရမ့် လာရောက်လည်ပတ်လျှင် ကြိုဆိုနေမည်ဟု ကျွန်းသူ၊ ကျွန်းသားများ ပြောကြား

**နုခ် ဇန်နဝါရီ ၁၃**

ဂရင်းလန်ကျွန်းသို့ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် လာရောက်လည်ပတ်လျှင် ကြိုဆိုနေမည်ဟု ကျွန်းသူ၊ ကျွန်းသားများ ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထရမ့်က အမေရိကန်ပြည်ထောင်စုအတွက် ဂရင်းလန်ကျွန်းကို ဝယ်ယူလိုသည်ဆိုသော်လည်း မိမိတို့အနေဖြင့် မည်သည့်နိုင်ငံ၏ လက်အောက်ခံမျှမဖြစ်လိုသဖြင့် လက်ခံမည်မဟုတ်ကြောင်းလည်း အသက် ၇၁ နှစ်အရွယ် ဂရင်းလန်ကျွန်းသား ကာလီရတ်ရင်းစတက်က ထုတ်ဖော်ပြောကြားသည်။

မိမိတို့ကျွန်းသည် ရောင်းရန်မဟုတ်သဖြင့် ဒေါ်နယ်လ်ထရမ့် ဝယ်ခွင့်ရမည်မဟုတ်ကြောင်း ၎င်းက ရှင်းပြသည်။

ဒေါ်နယ်လ်ထရမ့်၏သားဦး ထရမ့်ဂျူနီယာ ဂရင်းလန်ကျွန်းသို့ မကြာသေးမီက အလည်အပတ်ရောက်ရှိလာရာ ဒေသခံလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဂျော်ဂင်ဘိုအာဆင်က ကြိုဆိုဧည့်ခံကာ ကျွန်းသူ၊ ကျွန်းသားများနှင့် တွေ့ပေးခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS

## နိုင်ငံတကာသတင်းများ

# သမ္မတယွန်း ရာထူးတာဝန်ဆိုင်းငံ့ခံထားရသည့်တိုင် ၃ ရာခိုင်နှုန်း တိုးမြှင့်လစာခံစားခွင့်ရမည်ဟု ဆို



**ဆိုးလ် ဇန်နဝါရီ ၁၃**

တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်အနေဖြင့် ရာထူးတာဝန် ဆိုင်းငံ့ခံထားရသည့်တိုင် ယခုလတွင် ၃ ရာခိုင်နှုန်း တိုးမြှင့်လစာခံစားခွင့်ရမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်း၏လစာကို တိုးမြှင့်လိုက်ပါက အမေရိကန်ဒေါ်လာ ၁၇၉၀၀၀ နှင့်ညီမျှသော ကိုရီးယားဝမ် ၂၆၂ ဒသမ ၆ သန်း ဖြစ်လာမည်ဟု ဆိုသည်။

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ၎င်းကို စွပ်စွဲပြစ်တင်သောအမှုနှင့် ပတ်သက်၍ စီရင်ဆုံးဖြတ်ရန် လက်ခံထားရာ စီရင်ချက်မချမီ ကာလအတွင်း သမ္မတလစာကို ခံစားခွင့်ရှိနေဦးမည်ဟု ဆိုသည်။

နိုင်ငံသားများ၏ အနည်းဆုံးအခြေခံလစာကို ၁ ဒသမ ၇ ရာခိုင်နှုန်းသာ တိုးမြှင့်ပေးချိန်တွင် ၎င်းကို ၃ ရာခိုင်နှုန်းအထိ တိုးပေးခြင်းနှင့်ပတ်သက်၍ ၎င်းကို မလိုလားသူများက ကန့်ကွက်ရှုတ်ချနေကြသည်။

အမေရိကန်သမ္မတ၏လစာ ဒေါ်လာ ၄ သိန်း ရနေချိန်တွင် တောင်ကိုရီးယားသမ္မတ၏လစာ ဒေါ်လာ ၂ သိန်း မပြည့်သဖြင့် ဝေဖန်ထောက်ပြစရာအကြောင်း မရှိဟု ယွန်းဘက်မှ ထောက်ခံသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



# ကာ့ချ်ရေလက်ကြား၌ ဖြစ်ပွားသော ရေနံစိမ်းယိုစိမ့်မှုကို ရုရှားနိုင်ငံက အရေးပေါ်ဖြေရှင်းဆောင်ရွက်ရန် စီစဉ်

**မော်စကို ဇန်နဝါရီ ၁၃**

ကာ့ချ်ရေလက်ကြား၌ ဖြစ်ပွားနေသော ရေနံစိမ်းယိုစိမ့်မှုကို ရုရှားနိုင်ငံက အရေးပေါ်ဖြေရှင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုရေနံယိုစိမ့်မှုပြဿနာကို ဖြေရှင်းရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ညွှန်ကြားခဲ့ပြီးနောက် အရေးပေါ်အခြေအနေဆိုင်ရာဝန်ကြီး အလက်ဇန်းဒါးကူရင်ကော့ဖ် ဦးဆောင်ကာ ယိုစိမ့်နေသော ရေနံများကို ရှင်းလင်းဖယ်ရှားသွားမည်ဟု ဆိုသည်။

ထိုရေနံစိမ်းများသည် ဖော်လဂိုနက် ၂၃၉ ရေနံတင်သင်္ဘောမှ ယိုစိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



အိန္ဒိယနိုင်ငံရှိ ဟိန္ဒူများ အထွတ်အမြတ်ထားရာ ဟာကုမ်ဘ် ပွဲတော်ကာလတွင် ဇန်နဝါရီ ၁၃ ရက်က ဂင်္ဂါမြစ်ကမ်းစပ်၌ ရေချိုးသန့်စင်နေကြသော အမျိုးသမီးများကို တွေ့ရစဉ်။ **Mon**


# အရှိန်ပြင်းသော ကာလီဖိုးနီးယားတောမီးကြောင့် လော့စ်အိန်ဂျယ်လိစ် အနီးတစ်ဝိုက်၌ လူ ၂၄ ဦး သေဆုံး

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

တောက်လောင်သည့် အရှိန်ပြင်းသော ကာလီဖိုးနီးယား တောမီးကြောင့် လော့စ်အိန်ဂျယ်လိစ်မြို့အနီးတစ်ဝိုက်၌ သေဆုံးသူ ၂၄ ဦး အထိရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုမြို့အနီးသို့ တောမီးချဉ်းကပ်လာချိန်တွင် လေတိုက်နှုန်းမြင့်တက်လာသဖြင့် မီးအရှိန်ပြင်းခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းပြောကြားသည်။

ကာလီဖိုးနီးယားပြည်နယ်အတွင်း ဆောင်းတွင်း၌ ကြုံတွေ့ရလေ့ရှိသော စန်တာအာနာလေစီးကြောင်း ဇန်နဝါရီ ၁၂ ရက်က စတင်တိုက်ခတ်လာခဲ့ပြန်ရာ ထိန်းချုပ်ရန် အခက်တွေ့နေရကြောင်း ကာလီဖိုးနီးယား မီးသတ်တပ်ဖွဲ့ ပြောခွင့်ရသူက ရှင်းပြသည်။




တစ်နာရီလျှင် ၉၆ မိုင်အထိ တိုက်ခတ်သော အဆိုပါလေစီးကြောင်းကြောင့် ယင်းတောမီးများသည် ဇန်နဝါရီ ၁၅ ရက်နေ့အထိ အရှိန်ကောင်းနေဦးမည်ဖြစ်သည်ဟု ခန့်မှန်းထားသည်။

မီးတောက်လောင်အားပြင်းသော ပါလီဆာဒက်စ်နှင့် အီယာတွန်ဒေသများတွင် လူသေဆုံးမှုများခဲ့ခြင်းဖြစ်သည်ဟု ပါဆာဒေနာမီးသတ်တပ်ဖွဲ့မှူး ချက်ဩဂတ်စတင်းက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀




# စင်ကာပူနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းချိန်နှင့် ဒီရေတက်ချိန်တိုက်ဆိုင်ရာမှ သွားလာရေးအခက်ကြုံ

**စင်ကာပူ ဇန်နဝါရီ ၁၃**

စင်ကာပူနိုင်ငံတွင် ဇန်နဝါရီ ၁၀ ရက်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းကာ ဒီရေတက်ချိန်နှင့်တိုက်ဆိုင်ရာမှ သွားလာရေး အခက်ကြုံခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စင်ကာပူနိုင်ငံတွင် ဇန်နဝါရီလတိုင်း ကြုံတွေ့ခဲ့ရသော မိုးရေချိန်ထက်ကျော်လွန်ကာ မိုးရေချိန် ၂၅၅ ဒသမ ၂ မီလီမီတာအထိ ရောက်ရှိလာခဲ့ရာ နေအိမ်အချို့အတွင်းသို့ ရေများဝင်ရောက်ခဲ့သည်။

တစ်ပြိုင်တည်းမြင့်တက်လာသော ပင်လယ်ဒီရေအမြင့်သည် ၂ ဒသမ ၈ မီတာရှိခဲ့ကြောင်း သိရသည်။ **Mon**

## လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းနှင့် မီးသတိမူရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ




**ဇမ္ဗူသီရိ ဇန်နဝါရီ ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မြို့မဈေးရှိ ဈေးသူ၊ ဈေးသား ပြည်သူများအား မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းနှင့် မီးသတိမူရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောရာတွင် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးအန္တရာယ်ဆိုင်ရာများကို သတိရှိစေရန်နှင့် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိကအကြောင်းအရင်းများ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများအား အသိပညာပေး ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှု၊ ဂက်စ်မီးဖိုနှင့် ရိုးရိုးမီးဖိုမီးလောင်မှုတို့အား လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်း၊ ဈေးရောင်းသူ၊ ဈေးဝယ်သူပြည်သူများအား မီးသတိမူရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

**ညောင်ဦး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အမှတ်(၂) ရပ်ကွက်ရှိ မဏိစည်သူဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်ပြီး စစ်ဆေးခြင်း၊ အကြံပြုအသိပညာပေးခြင်းများအား ဇန်နဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီက မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်ပြီးစစ်ဆေးခြင်း၊ အကြံပြု အသိပညာပေးခြင်းများအား ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူးနှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးအရာရှိနှင့်အဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများပူးပေါင်း၍ မီးသတ်ရေလှောင်ကန်နှင့် မီးသတ်ဆေးဘူးများထားရှိမှုအပြင် ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရမည့် အချက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၅၇)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**နတ်မောက် ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၌ ပူးပြင်းခြောက်သွေ့သည့် ရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်ခန်းရှင်များဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါ ရုံးခန်းမတွင် ပြုလုပ်ခဲ့သည်။ **(အပေါ်ယာပုံ)**



အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက မြို့မဈေးကြီး ဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်ခန်းရှင်များအနေဖြင့် ပူပြင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် မီးဘေးလုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် လိုအပ်သည့် မီးသတ်ဆေးဘူးများ၊ ရေပုံး၊ မီးချိတ်၊ မီးကတ်များ၊ လှေကားများ၊ သဲအိတ်များ စနစ်တကျထားရှိထားရန်၊ လျှပ်စစ်မီးသုံးစွဲသည့် ဆိုင်ခန်းရှင်များအနေဖြင့် ဝါယာကြိုးများ စနစ်တကျသွယ်တန်းထားရှိရန်၊ ဆိုင်ခန်းပိတ်ချိန်တွင် မိန်းခလုတ်များ သေချာစိစစ်၍ ပိတ်ထားရန်နှင့် မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆိုင်ခန်းရှင်အနေဖြင့် အဖွဲ့ဝန်ထမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် ဆိုင်ခန်းရှင်များကလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ စည်ပင်သာယာရေးကော်မတီ၊ တာဝန်ခံအင်ဂျင်နီယာ၊ ဈေးတာဝန်ခံနှင့် ဆိုင်ခန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မူမူစန်း**

## စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ





**နေပြည်တော် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် ညနေ ၅နာရီခွဲကသတင်းအရ သက်သေများနှင့်အတူ တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ရေခံ(၁)လမ်းနေ စိုင်းထက်ဦးအောင်(ခ)အိုရားမား၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းထံမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၁ ဒသမ ၉၃၃၅ ကီလို၊ မြန်မာငွေကျပ် သိန်း၂၉ဝနှင့် မော်တော်ယာဉ် ၇ စီးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းထက်ဦးအောင်(ခ)အိုရားမား(၃၄)နှစ်အား တောင်ကြီးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် ညနေ ၆နာရီက သက်သေများနှင့်အတူ ကလောမြို့နယ်၊ ရေယောင်းမကျေးရွာအနီးတွင် မော်တော်ယာဉ်များအားစစ်ဆေးရှာဖွေစဉ် သန်းထွေး(ခ)သန်းထိုက်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄,၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းထွေး(ခ)သန်းထိုက် (၄၈)နှစ်အား ကလောမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မိတ္ထီလာမြို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**မိတ္ထီလာ ဇန်နဝါရီ ၁၃**

မူးယစ်တပ်ဖွဲ့စု(၅၅)(မိတ္ထီလာမြို့)မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေစဉ် မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်တွင် မူးယစ်ဆေးဝါးရောင်းချသုံးစွဲသူများအား ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃ ရက် ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု(၅၅)မှ ရဲအုပ်ကျော်စိုးလင်းနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)နယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်ဝဏ္ဏစိုး နှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရန်မျိုးအောင်ရပ်ကွက်၊ ရတနာလမ်းသွယ်တွင် စောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသူ ရဲမင်းထွန်း၊ သူရိန်မင်းသစ်တို့အား စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာမှ ရဲမင်းထွန်း ဝဲဘက်လက်တွင်ဆုပ်ကိုင်ထားသည့် စီးကရက်ဘူးခွံအတွင်းမှ ပလတ်စတစ်အပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်လျက် WY စာတမ်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား(၂၀၀)ပြားပါ (၁)ထုပ်၊ အလေးချိန်(၁၈)ဂရမ်အား သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးများရောင်းချပေးသူ ဇော်ထူးအား ရန်မျိုးအောင်ရပ်ကွက်၊ မင်္ဂလာဇေယျ(၁)လမ်းနေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါမူးယစ်ဆေးဝါးများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ ရဲမင်းထွန်း (၃၃)နှစ်(အောင်ချမ်းသာလမ်း၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့)၊ သူရိန်မင်းသစ် (၂၃)နှစ်(ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့)၊ ဇော်ထူး (၄၅)နှစ်(ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့)နေသူတို့အား အမှတ်(၂) နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၅၇)**



ဥပဒေ
ဘောင်တွင်း
နေထိုင်ခြင်း၊
ဘေးကင်း
ရန်ကွာ
လွန်ချမ်းသာ။

# နှင်းသီး (ခေါ်) ကြောင်မျက်လုံး (ခေါ်) လေချိုသီးနှင့် ကျန်းမာရေး

တင်ထက်ထက်ဇော်



## မတူကွဲပြား အမည်များ

တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ရေမြေဒေသ ကွဲပြားသွားသည့်အလျောက် အမှတ်သညာလည်း အမျိုးမျိုးရှိတတ်ကြပေသည်။ ဤပုံကိုကြည့်ပါ။ မြန်မာပြည်တွင်းမှာပင် ဒေသ အခေါ်အဝေါ်များစွာရှိကြသည်။ အထက်မြန်မာပြည်၏ စစ်ကိုင်းတိုင်းဒေသကြီးတွင် အများဆုံး ထွက်ရှိသဖြင့် စစ်ကိုင်းသီး (စစ်ကိုင်းဆီးသီး) ဟု ခေါ်ကြသည်။ တောင်ကြီးနှင့် မန္တလေးတို့တွင် တရုတ်ဆီးသီး၊ တရုတ်နှင်းသီးဟုလည်းကောင်း၊ မြင်းခြံမြို့တွင် လေချိုသီးဟု လည်းကောင်း၊ ပုသိမ်မြို့တွင် သကြားသီးဟု လည်းကောင်း၊ မြစ်ကြီးနားနှင့် ခန္တီးတွင် သမင်မျက်လုံးဟု လည်းကောင်း၊ ပြင်ဦးလွင်တွင် ကြို့သီးဟုလည်းကောင်း၊ မော်လမြိုင်နှင့် မြဝတီတွင် နန်းပြားသီးဟု လည်းကောင်း၊ တာချီလိတ်တွင် မော်လမြိုင်သီး ဟု လည်းကောင်း၊ ရှမ်းပြည်တွင် လုံအယ်သီး၊ ကယား ပြည်တွင် နှင်းသီးဟု လည်းကောင်း ခေါ်ဆိုကြသည်။ တချို့သူများကလည်း တောကြက်မောက်သီး၊ နဂါးမျက်လုံး၊ မိကျောင်းမျက်စိ၊ ကြောင်မျက်လုံးဟု လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်တွင် ကြောင်မျက်လုံး သို့မဟုတ် နှင်းသီးဟုလည်း အမျိုးမျိုးခေါ်ကြသည်။

## လေချိုသီးအကြောင်း တစေ့တစောင်း

အင်္ဂလိပ်အမည်မှာ Longan Fruit (Longon, Dragon's eyes, Eyeball tree) ဖြစ်သည်။ မြန်မာပြည်တွင်း လူအများစုက လောင်ဂန်သီးဟု ခေါ်ဆိုကြပြီး ထိုမှတစ်ဆင့် "လေချိုသီး" ဟု အလွယ်ခေါ်လာကြပြီးနောက် ၎င်းအမည် တွင်လာခဲ့သည်။ ရုက္ခဗေဒအမည်မှာ Dimo carpus longan Lour ဖြစ်ပြီး Sapindaceae မျိုးရင်းဝင်ဖြစ်ကာ မျိုးစိပ်မှာ Dimocarpus longan ဖြစ်သည်။ မျိုးကွဲပေါင်းများစွာလည်း တွေ့မြင်ရသည်။ လိုင်ချီးနှင့် ကြက်မောက်မျိုးနွယ် ဖြစ်သော်လည်း လိုင်ချီးနှင့် ကြက်မောက်က မိုးများ၍ အေးသောဒဏ်ကို ခံနိုင်ရည်ရှိပြီး လေချိုသီးက အပူကြိုက်သီးနှံပင်ဖြစ်ကာ မေလ လယ်မှ ဇွန်လကုန်ထိ အသီးထွက်လေ့ရှိသည်။ (သို့သော် ချမ်းအေးသော ဆောင်းရာသီတွင်လည်း တွေ့ရသည်။) လေချိုသီးက လိုင်ချီး၊ ကြက်မောက်တို့ထက် အရသာပို၍ ချိုမြိန်သည်။ အများအားဖြင့် လေချိုသီးကို သရေစာ၊ အချိုပွဲသီးနှံ အဖြစ် စားလေ့ရှိသည်။ လေချိုသီးကို သူ့ချည်း သက်သက်စားပါက အပူစာဖြစ်သဖြင့် ရင်အေးစေရန်အတွက် တရုတ်ပြည်တွင် လေချိုသီးကို ကျောက်ပွင့်၊ တရုတ်ဆီးသီးခြောက်တို့နှင့် ရော၍ ပြုတ်ပြီး သကြားအနည်းငယ်ထည့်ကာ သောက်စားကြသည်။

မြန်မာ၊ တရုတ်တောင်ပိုင်း၊ ကမ္ဘောဒီးယား၊ အိန္ဒိယအနောက်တောင်ပိုင်း၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ အမေရိကန်ပြည်ထောင်စု၏ ဟာဝိုင်အီ၊ ဖလော်ရီဒါတို့တွင် ကျယ်ပြန့်စွာ ပေါက်ရောက်နိုင်သည်။ ကမ္ဘာပေါ်တွင် လေချိုသီးထွက်ရှိအား အကောင်းဆုံးမှာ ကမ္ဘောဒီးယားနိုင်ငံဖြစ်သည်။ လေချိုသီးသည် ကမ္ဘာသုံးအစားအစာ သီးနှံတစ်ခု ဖြစ်ပြီး သူရှင်သန်ပေါက်ရောက်ရာ အရပ်ဒေသ ပေါ်မူတည်၍ စင်ကာပူနိုင်ငံတွင် လောင်ဂန် ဟုလည်းကောင်း၊ မလေးရှားတွင် မာတာကူကျင် (ကြောင်မျက်လုံးသီး)ဟု လည်းကောင်း၊ ထိုင်းတွင် လမျိုင်း ဟုလည်းကောင်း၊ တရုတ်ပြည်တွင် လုန်အန်းသီး (နဂါးမျက်လုံးသီး)ဟု ခေါ်ကြသည်။

စစ်ကိုင်းတိုင်း မင်းကွန်းဒေသတွင် အလေ့ကျ ပေါက်ရောက်သည်။ စစ်ကိုင်းတိုင်း ကသာမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းနှင့် မိုင်းယု တို့တွင်လည်း တွေ့ရသည်။ မြန်မာနိုင်ငံ၏ ကဆုန်လ ဆန်းပိုင်းကနေ စတင်ဖူးပွင့်၍ အသီးလိုက်ပြီး (၃) လအကြာ ဝါဆိုလအတွင်း ရင့်မှည့်ကာ ခူးဆွတ် စားသုံးနိုင်သည်။ အခိုင်လိုက်အတွဲလိုက်သီးသည့် အပင်ကြီးမျိုးဖြစ်သည်။ အသီးမှာ လုံးဝန်း၍ အခွံပါး လွှာကာ အညိုရောင်ရှိသည်။ ၎င်းအခွံအောက်တွင် အလွန်ချိုမြိန်သည့် မထူမပါးအဖြူအကြည်ရောင် ရှိသည့် အသားကိုစားသုံးရပြီး ၎င်းအောက်တွင် အမည်းရောင်ရှိသည့် အစေ့ကိုတွေ့မြင်ရမည် ဖြစ်သည်။ သို့သော် ထိုအစေ့ကို မစားရပေ။ ၎င်းအစေ့က နက်မှောင်ပြောင်လက် လုံးဝန်းလှသဖြင့် "ကြောင်မျက်လုံးသီး" ဟု ခေါ်ဆိုကြဟန်တူပါသည်။

## လေချိုသီးနှင့် ကျန်းမာရေး

USDA ၏ လေ့လာချက်အရ ၁၀၀ ဂရမ် အလေးချိန်ရှိ လတ်ဆတ်သော လေချိုသီးထဲတွင် ရေဓာတ် ၈၂ ဒသမ ၇၅ ဂရမ်၊ ခွန်အား ၆၀ ကယ်လိုရီ၊ ပရိုတင်း ၁ ဒသမ ၃၁ ဂရမ်၊ အဆီ ဓာတ် ၀ ဒသမ ၁ ဂရမ်၊ ကစီဓာတ် ၁၅ ဒသမ ၁၄ ဂရမ်၊ အမျှင်ဓာတ် ၁ ဒသမ ၁ ဂရမ်၊ ကယ်လ်စီယမ် ၁ မီလီဂရမ်၊ သံဓာတ် ၀ ဒသမ ၁၃ မီလီဂရမ်၊ မဂ္ဂနီစီယမ် ၁၀ မီလီဂရမ်၊ မီးစုန်း ၂၁ မီလီဂရမ်၊ ပိုတက်စီယမ် ၂၆၆ မီလီ ဂရမ်၊ ဇင့် ၀ ဒသမ ၀၅ မီလီဂရမ် အသီးသီးပါရှိကြောင်း သိရသည်။

"လေချိုသီးထဲတွင် gallic အက်စစ်နှင့် အာနိသင်တူသော polyphenols ဓာတ်မြင့်မားစွာ ပါရှိသည်။ ထိုဓာတ်က ခန္ဓာကိုယ်တွင်း အဆိပ်အတောက်များနှင့် free radicals များကို လျော့ချပေးနိုင်ပြီး ကင်ဆာအကျိတ်အဖုများကို ကောင်းစွာ နှိမ်နင်းပေးသည်။ အထူးသဖြင့် ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာ ဆဲလ်များ ကြီးထွားပြန့်ပွားမှုကို ဟန့်တားပေးသည်။

လေချိုသီးနှင့် အစေ့ထဲတွင်ပါရှိနေကြသော gallic, epicatechin, ellagic စသည့် အက်စစ် ၃ မျိုး ဓာတုဓာတ်ပေါင်းစုက အအေးမိ၊ တုပ်ကွေး၊ ဖျားနာခြင်း အလွယ်တကူ မဖြစ်စေနိုင်ပေ။ ထို့ပြင် ကိုယ်တွင်း ရောင်ရမ်းနာများကို သက်သာစေကာ အစာအိမ်ရောဂါ၊ အစာမျိုလမ်းကြောင်းရောဂါ တို့ အတွက်ကိုလည်း ကောင်းကျိုးပြုသည်။

ခန္ဓာကိုယ် သွေးလှည့်ပတ်မှုစနစ်ကို ကောင်းမွန်စေသည်။ သွေးကို အာဟာရဓာတ်ဖြည့်ပေးနိုင်ပြီး အာရုံကြောစနစ်ကိုလည်း နိုးကြားစေနိုင်သည့် အတွက် စိတ်ဖိစီးမှုများသူတွေအနေဖြင့် လေချိုသီး စားသုံးပေးသင့်သည်။

အိပ်မပျော်သူများ၊ သွေးလေချောက်ချား စိတ်မငြိမ်သူများအတွက် လေချိုသီးက လွန်စွာဆေးဖက်ဝင်သည်။

ဦးနှောက်ကို ကျန်းမာစေပြီး သတိမေ့ရောဂါ တွေကိုလည်း သက်သာပျောက်ကင်းစေသည်။

တရုတ်ပြည်တွင် နှလုံး၊ သရက်ရွက်နှင့် ရေဖျဉ်းရောဂါများအတွက် ရိုးရာကုထုံးအဖြစ် လေချိုသီးကို ဓာတ်စာအဖြစ် ကုသလေ့ရှိသည်။

လေချိုသီးထဲတွင် အပင်မှရရှိနိုင်သော သဘာဝ Phytochemicalsများ လုံလောက်စွာပါရှိနေ၍ အသားအရေကို ကြည်လင်စေပြီး အိုမင်းရင့်ရော်မှုကို တားဆီးပေးနိုင်သည်။ ထို့ပြင် အရေပြားကင်ဆာ ဖြစ်နိုင်ခြေအလားအလာကို လျှော့ချပေးနိုင်သည်။

လေချိုသီး မကြာခဏစားပေးခြင်းဖြင့် အမြင်အာရုံကို တိုးတက်ကောင်းမွန်စေသည်။

လေချိုသီးစားခြင်းဖြင့် သွားနှင့် သွားဖုံးကို ကျန်းမာစေပြီး ခံတွင်းဆိုင်ရာ ပြဿနာတွေကိုလည်း ဖြေရှင်းပေးနိုင်သည်။

အရွယ်ရောက်ပြီးသူ တစ်ဦးအတွက် တစ်နေ့လျှင် လေချိုသီး ၅ လုံး မှန်မှန်စားပေးခြင်းက သွေးအားနည်းရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း WHO က အကြံပြုထားသည်။

အရိုးပွရောဂါ၊ အရိုးပျော့ရောဂါစသည့် အရိုး ကျန်းမာရေးအတွက် လေချိုသီးကို စားပေးသင့်သည်။

လေချိုသီးတွင် ပိုတက်စီယမ် မြင့်မားစွာ ပါရှိပြီး ဆိုဒီယမ်လုံးဝမရှိသည့်အတွက် သွေးတိုးရောဂါကို လွန်စွာကောင်းကျိုးပြုပေးနိုင်သည်။

ချွေးထွက်လွန်ခြင်း၊ အရေပြားမှိုစွဲခြင်းနှင့် သွေးထွက်လွန်ခြင်းတို့အတွက် လေချိုသီးထဲတွင် ပါရှိသော အနက်ရောင်အစေ့က ကောင်းကျိုးပြုပေးနိုင်သည်။

ဗီယက်နမ်နိုင်ငံတွင် မြွေကိုက်ဒဏ်ရာ အတွက် လေချိုသီးထဲရှိ အစေ့ခြောက်မှုန့်ကို ဒဏ်ရာပေါ် အုံပေးခြင်းဖြင့် မြွေဆိပ်ဖြေဆေးအဖြစ် အသုံးပြုလေ့ရှိသည်။

**(သတိပြုရန်)**

အချိုဓာတ်ကဲလွန်းသော သစ်သီးဖြစ်၍ ဆီးချိုရောဂါသည်များ အထူးရှောင်ရှားသင့်သည်။

အရေပြားယားယံသူများ၊ သွေးမသန့်၍ အနာပေါက်သူများ လေချိုသီးကို သင့်တင့်ရုံသာ စားသင့်သည်။

လေချိုသီးက အရသာချိုမြသဖြင့် စားကောင်းလှသော်လည်း ကိုယ်ဝန်ဆောင်မိခင်များ မစားသင့်ပေ။ အသီးက အပူဓာတ်စာဖြစ်သဖြင့် သန္ဓေသားကို ဆိုးရွားစွာထိခိုက်စေနိုင်သည်။ ကမ္ဘာ့အရှေ့ပိုင်း တိုင်းပြည်များနှင့် အာဖရိကတိုက်များ၏ တိုင်းရင်းကုထုံးများတွင်လည်း ကိုယ်ဝန်ဆောင်များ လေချိုသီးစားသောက်ခြင်းကို တားမြစ်ထားသည်။ သို့သော် နို့တိုက်မိခင်များ လေချိုသီးစားခြင်းနှင့်ပတ်သက်၍ အထူးတလည် ညွှန်ကြားထားခြင်း မရှိပေ။

အချုပ်အားဖြင့်ဆိုသော် လေချိုသီးက ကုသရန်ခက်သော ကင်ဆာဆဲလ်များကို နှိမ်နင်းပေးနိုင်သည့်အပြင် သွေးအားကောင်းစေပြီး နှလုံး၊ သရက်ရွက်၊ အရိုး၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ ဦးနှောက်နှင့် အာရုံကြောတို့ကို ကောင်းကျိုးပြုပေးနိုင်သည့် ရာသီစာသီးနှံ ဖြစ်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်နှင့် ဆီးချိုရောဂါသည်များမှအပ အရွယ်သုံးပါးမရွေး လေချိုသီးကို စားသုံးပေးသင့်ပါသည်။ လေချိုသီးပင်အမျိုးအစားသည် တစ်နှစ်ပတ်လုံး စိမ်းနေသော အရွက်များဖြင့် အရိပ်ရပင်ဖြစ်၍ တချို့နိုင်ငံများတွင် Ever Green ဟု ခေါ်ကြသည်။ မိုးနည်း၊ မိုးအသင့်အတင့် ဒေသများနှင့် ကိုက်ညီသဖြင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းသည့်အနေဖြင့် မြန်မာ ပြည်တစ်ဝန်း လေချိုသီးပင် များများစိုက်ပျိုးသင့်ကြောင်း အကြံပြုလိုက်ရပါသည်။





## ဘေးမဲ့ဥယျာဉ်သို့ နွားစာများ လှူဒါန်းကုသိုလ်ပြု

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေး၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခအဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် နွားဘေးမဲ့ဥယျာဉ်သို့ အဘယဒါနအဖြစ် တိရစ္ဆာန်နှင့် အစားအစာများ ရပ်ဝေးရပ်နီးမှ ပေးလှူလျက်ရှိရာ မန္တလေး၊ ဝွေးချိုတိုက်(မအူပင်အုတ်ကျောင်း) ဆရာတော်ဦးဝိမလ(လူမှုထူးချွန်ဒုတိယအဆင့်)က ဆရာတော်ဦးဇာဂရဗုဒ္ဓိဘိဝံသအဂ္ဂမဟာပဏ္ဍိတ၊ ခမည်းတော် ဦးထွန်းတင်+မယ်တော်ဒေါ်အေးပိုက်(ခ) ဒေါ်ပညာသီရိတို့အား ရည်စူး၍ နွားစာအလှူတော်ငွေကျပ်တစ်သိန်းအား ယမန်နေ့က ပေးလှူရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းကော်မတီဝင် ဒေါ်စိန်စိန်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် Infinity လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးမိသားစုက ငွေကျပ်တစ်သောင်း၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးမောင်မောင်စိုး+ ဒေါ်မြင့်မြင့်ကြည် သား၊ မြေးတစ်စုက ငွေကျပ်တစ်သောင်း၊ မန္တလေး၊ ရွှေမြင့်မိုရ် ပရိဘောဂမိသားစုက ငွေကျပ်ငါးထောင် အသီးသီး လှူဒါန်းကြသည်။ မန္တလေး၊ ဝွေးချိုတိုက်ဆရာတော် ဘဒ္ဒန္တဝိမလက ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းကြီးတွင်လည်း (ဘေသဇ္ဇဒါန)ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

## အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၁၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီး၊ အရာထမ်းများနှင့်နည်းပြများ၊ အားကစားနှင့်ပညာရေးပေါင်းစပ်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ ဆရာမများ၊ နှစ်ဆုံးစာမေးပွဲဖြေဆိုမည့် သင်တန်းသား၊ သင်တန်းသူများ အောင်ချက်မြင့်မားရေးဆိုင်ရာများ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက သင်တန်းကျောင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။



အစည်းအဝေးတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးဦးမြင့်ခိုင်က အတန်းအသီးသီးနှင့်တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် သင်တန်းသား၊ သင်တန်းသူများ အောင်ချက်မြင့်မားရေး၊ ညစာကြည့်ချိန်ကြီးကြပ်ခြင်း၊ စနေ၊ တနင်္ဂနွေ အချိန်ပိုသင်ကြားရေးနှင့် PEC ကိုယ်ပိုင်ကျောင်းမှ အချိန်ပိုလာရောက်သင်ကြားပေးမည့် အစီအစဉ်များကို ဆွေးနွေးပြီး ဆရာ၊ ဆရာမများက တင်ပြချက်များကို ကျောင်းအုပ်ကြီးမှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

## တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မိုင်းပျဉ်း ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲတွင် နာယကဆရာမကြီးဒေါ်ခင်ညိုညိုက အဖွင့်အမှာစကားပြောကြားသည်။ဆက်လက်၍ မိုင်းပျဉ်းမြို့၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းဟွမ်နွမ်းက မိုင်းပျဉ်းမြို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ကျိုင်းတုံတက္ကသိုလ်မှ ဘာသာရပ်အလိုက် ပါမောက္ခများက လာရောက်ဆွေးနွေးသင်ကြားပို့ချပေးမည့် အစီအစဉ်များအား ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ကျိုင်းတုံတက္ကသိုလ်မှ ဘာသာရပ်အလိုက် ပါမောက္ခများက တစ်ဦးချင်း မိတ်ဆက်ပေးကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။

(အောက်ပုံ)

အဆိုပါ အခမ်းအနားသို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး နာယက ဆရာမကြီး၊ ကျိုင်းတုံတက္ကသိုလ်မှ ဘာသာရပ်အလိုက် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ အထက်တန်းကျောင်းအုပ်များနှင့် အထက်တန်းပြဆရာ၊ ဆရာမများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ စုံလင်စွာတက်ရောက်ခဲ့ကြသည်။ ထို့နောက် မိုင်းပျဉ်းမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၄ဦးတို့အား ပါမောက္ခဌာနမှူး(သမိုင်းဌာန)မှ ဒေါက်တာနွယ်နွယ်အောင်က ဦးဆောင်၍ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများက ဇန်နဝါရီ ၁၁ ရက်မှ ၁၂ရက်အထိ ဘာသာရပ်အလိုက် အလှည့်ကျ ဆွေးနွေးပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## ယခုဘဏ္ဍာနှစ်တွင် အိန္ဒိယ - မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ကျော်နိုင်

မတ်လ ၃၁ ရက်တွင် ကုန်ဆုံးမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အိန္ဒိယ-မြန်မာနှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်ကို ကျော်နိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ပြီးခဲ့သည့် ဒီဇင်ဘာလကုန်အထိ နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကို ရောက်ရှိနေပြီဖြစ်သည်။

ဘဏ္ဍာနှစ်အလိုက် နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုပမာဏတန်ဖိုးများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ၊ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၃ ဘီလီယံ အသီးသီး ကုန်သွယ်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံ၊ ရော်ဘာ၊ ငါး၊ အထည်ချုပ်စသည်တို့ကို အများဆုံးတင်ပို့ထားပြီး အိန္ဒိယက ဆေးဝါး၊ ရေနံထွက်ကုန်ပစ္စည်းများ၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများကို မြန်မာနိုင်ငံသို့ အဓိက တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံကြသော နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အိန္ဒိယနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သည့် နိုင်ငံအဆင့် ၁၁ နေရာတွင် ရပ်တည်လျက်ရှိနေပြီး မြန်မာနိုင်ငံတွင် ၎င်းတို့၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇၈၃ သန်းခန့်ရှိသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

**ရွှေမန်း**

၀-၀-၀-၀-၀-၀

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက် ၇ နာရီက အမရပူရမြို့နယ်၊ စစ်ကိုင်းလမ်း၊ ရွာသာရပ်၊ မှန်တန်း မိုးကောင်းဓမ္မာရုံအနီးတွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၁၄ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက် အမှတ်(၈)၊ ၈၉လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ညောင်ကွဲရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီးတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အကွက် အမှတ်(၅၄၉)၊ ၃၄လမ်း၊ ၈၅လမ်းနှင့်၈၆လမ်းကြား၊ အောင်နန်းရိပ်သာအနောက်၊ မလွန်ရေတွန်းစက်ရုံရှေ့တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှ စတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



## ပို့ကုန်ဆိုင်ရာ ရက်တိုသင်တန်းအတွက် သင်တန်းသား ခေါ်ယူထား

ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)ပို့ကုန်ဆိုင်ရာ ရက်တိုသင်တန်းများ အမှတ်စဉ်-၇ ပို့ကုန်လုပ်ငန်း စတင်လုပ်ကိုင်နည်း သင်တန်းအတွက် သင်တန်းသားများကို နိုင်ငံပိုင်သတင်းစာမှ တစ်ဆင့်ခေါ်ယူထားသည်။

အဆိုပါ သင်တန်းကာလမှာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက် (တနင်္လာနေ့မှ သောကြာနေ့)အထိ ၅ ရက်သင်ကြားပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းအချိန်မှာ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ သင်တန်းသားဦးရေ ၅၀ ဦးကို သင်ကြားပေးသွားမည်ဖြစ်သည်။

ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ်(၂၂၈/၂၄၀)၊ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်တွင် သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓာတ်ပုံ ၁ လက်မ ပတ်လည်ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ပါရှိရမည်ဖြစ်ပြီး ကုန်သွယ်မှုသင်တန်းကျောင်း စတုတ္ထထပ်တွင် လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းရမည်ဖြစ်ကာ သင်တန်းနှင့်ပတ်သက်၍ စုံစမ်းသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၂၅၀၈၇၁ သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

## ဒုတိယအကြိမ်မြောက် စုပေါင်းဂါရဝပြု ပူဇော်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ယောမမာလာတောင်ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယအကြိမ်မြောက် ရပ်ကွက်သူ၊ ရပ်ကွက်သားများမှ အသက်(၈၀) နှစ်အထက် သက်ကြီးဘိုးဘွား ၄၅ ဦးအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပရာ မဟာအောင်မြေမြို့နယ်၊ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်၊ အဖွဲ့ဝင် ဗိုလ်မှူးဆွေလင်းအောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေလင်းနှင့် ရပ်မိရပ်ဖများ၊ ကန်တော့ခံဘိုးဘွားများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။



ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေလင်းက အဖွင့်အမှာစကားပြောကြားပြီး ကန်တော့ခံဘိုးဘွားများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီးနောက် ကန်တော့ခံဘိုးဘွားတစ်ဦးမှ ကန်တော့ရခြင်း၏ အကျိုးတရားများကို ပြောကြားခဲ့သည်။ ဘိုးဘွား ၄၅ ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများနှင့် ကန်တော့ခဲ့ကြကြောင်းကန်တော့ခံဘိုးဘွားတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၇)

၀-၀-၀-၀-၀

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပ

**မင်းဘူး ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ် ကျွဲတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယမန်နေ့ နံနက် ၁၀ နာရီက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲတို့ကို ကျင်းပသည်။



အဆိုပါဟောပြောပွဲတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က ကလေးအလုပ်သမားဟူသည် ကလေးဘဝအနာဂတ်အလားအလာနှင့်ဂုဏ်သိက္ခာတို့ကို ကင်းမဲ့စေကာ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာသည့်အလုပ်မျိုးကို လုပ်ကိုင်နေသူများဖြစ်ကြောင်း၊ ကလေးအလုပ်သမားဖြစ်ခြင်းသည် ပညာသင်ကြားခွင့်မရနိုင်ကြခြင်း၊ ကလေးအလုပ်သမား အသက်အရွယ်အပိုင်း အခြားစသည်တို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ ဟောပြောပွဲအပြီးတွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ် စာစောင်များ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များအား ခင်းကျင်းပြသရာ တက်ရောက်သော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၅၀၄)

## တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများ ဖွံ့ဖြိုးရေးနှင့် လူငယ်ကြက်ခြေနီများ အရည်အသွေးမြှင့်တင်ရေး ဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုအဆင့် လူငယ်ကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အချိန်ပိုင်းအလုပ်အမှုဆောင် ပါမောက္ခဒေါက်တာမာလာဝင်းနှင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်တို့သည် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ ရှိ ဆေးတက္ကသိုလ် (မန္တလေး)အစည်းအဝေးခန်းမတွင် ဆေးတက္ကသိုလ်(မန္တလေး)ကြက်ခြေနီအသင်းခွဲ လူငယ်ကြက်ခြေနီများကို တွေ့ဆုံ၍ တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများ ဖွံ့ဖြိုးရေး၊ လူငယ်ကြက်ခြေနီများ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ပါမောက္ခဒေါက်တာမျိုးသက်တင်၊ ဆေးတက္ကသိုလ်(မန္တလေး)ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ လူငယ်ကြက်ခြေနီများ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် ဆေးတက္ကသိုလ်(မန္တလေး)ကြက်ခြေနီအသင်းအတွက် ရှေးဦးပြုစုခြင်း ဆေးအိတ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထုတ်ဝေသော စာအုပ်များ၊ ကြက်ခြေနီပိုစတာများ ပေးအပ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ) (၀၄၅)




## မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အသစ်ရွေးချယ်ပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ၏ ၂၀၂၅-၂၀၂၇ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၁၈ ရက် စနေနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ၊ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါရွေးချယ်တင်မြှောက်ပွဲသို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ နှစ်စဉ်ကြေးပေးသွင်းပြီးသူများကိုယ်တိုင် အသင်းဝင်ကတ်ပြား ယူဆောင်ပြီး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## မိုးနှောင်းချည်မျှင်ရှည်ဝါ Grade ခွဲခြား ဝယ်ယူစုပေါင်းရောင်းချပွဲ ပြုလုပ်

**သာစည် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ Grade ခွဲခြားဝယ်ယူစုပေါင်း ရောင်းချပွဲကို ဇန်နဝါရီ ၁၂ ရက်က တောကင်းကျေးရွာတွင်ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ကြည့်ရှုအားပေးခဲ့သည်။

မိုးနှောင်းချည်မျှင်ရှည်ဝါ စုပေါင်းရောင်းချပွဲတွင် ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ငွေငွေက တောင်သူများအား ဝါ Grade ခွဲခြားကောက်ယူခြင်းနှင့်ပတ်သက်၍ လက်တွေ့နည်းပညာပေးရှင်းလင်းပြောကြားသည်။



ထို့နောက် ဝါစုပေါင်းဝယ်ယူရောင်းချပွဲပြုလုပ်ရာ တောင်သူ ၂၇ ဦးတို့က ဝါပိဿာချိန် ၁၀၅၀ ကို စုပေါင်းရောင်းချခဲ့သည်။ တောကင်းကျေးရွာတွင် မိုးနှောင်းချည်မျှင်ရှည်ဝါ ၂၁၃ ဧက စိုက်ပျိုးထားပြီး ယခုအချိန်တွင်တောင်သူများ ဝါကောက်ယူရောင်းချလျက်ရှိသည်။

အဆိုပါမိုးနှောင်းချည်မျှင်ရှည်ဝါ Grade ခွဲခြားဝယ်ယူစုပေါင်းရောင်းချပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဝါစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၇)

၀-၀-၀-၀-၀



## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်၊ ရှားတော ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းတွင် ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် ရှားတောကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိလေးက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ 'လူငယ်နှင့်အနာဂတ်အကြောင်း' ရှင်းလင်းဟောပြောပြီးနောက် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင် စာရေးဆရာမသင်းသင်းလှိုင်(သင်းသင်းလှိုင်-တပ်ကုန်း) က 'လူငယ်နှင့်ရည်မှန်းချက်' ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှရဲအုပ်ဝေဖြိုးဦးက လူကုန်ကူးမှုနှင့်လူမှောင်ခိုမှုတို့၏ ကွဲပြားခြားနားချက်များ၊ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာမှ ကြုံတွေ့နိုင်မည့် အခက်အခဲများ၊ ရှောင်ရန်၊ ဆောင်ရန်အချက်များ၊ အရှေ့တောင်အာရှဒေသအတွင်း လတ်တလောဖြစ်ပွားနေသည့် Online မှ လူကုန်ကူးမှုကျူးလွန်ပုံ၊ ကျူးလွန်နည်းနှင့် ဆက်သွယ်ဆောင်ရွက်နေမှုများ၊ လူကုန်ကူးမှုဖြစ်စဉ်များနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးသူ လူပွဲစားများ၏ စည်းရုံးပုံများ ရှင်းလင်းဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အဆိုပါဟောပြောပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ၏အဆိုအမိန့်များ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ရေပေါ်ကျွန်းကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာအတွင်း ကွင်းဆင်းကြည့်ရှု

**သရက် ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ရေပေါ်ကျွန်းကျေးရွာ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက ရေပေါ်ကျွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးဆောင်ရွက်ခဲ့သည်။

ယင်းနောက် ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပြည်သူများအား ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးထိုးနှံခြင်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ပုံစံ(၁၀)ဆောင်ရွက်ခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွား၊ ဆိတ် တိရစ္ဆာန်များအား ကာကွယ်ဆေးထိုးနှံခြင်း၊ ယူကလစ်စိုက်ခင်း၊ နေကြာစိုက်ခင်း၊ ပျားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**



## ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**မြစ်သား ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကျန်တောအခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား တီဘီရောဂါလက္ခဏာများရှိ၊ မရှိစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနကျန်းမာရေးအဖွဲ့များက စစ်ဆေးဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန မြို့နယ်ကျန်းမာရေးဆရာမ ဒေါ်ခင်မြဝင်းက ကျောင်းသား၊ ကျောင်းသူများကို တီဘီရောဂါ လက္ခဏာများဖြစ်သည့် ချောင်းဆိုးလျှင် သွေး၊ သလိပ်ပါခြင်း၊ တငွေ့ငွေ့ဖျားခြင်း၊ လည်ပင်း၊ ချိုင်း၊ ပေါင်ခြံတွင် အကျိတ်ထွက်ခြင်း၊ ကိုယ်အလေးချိန်ကျပြီး တဖြည်းဖြည်းပိန်လာခြင်း၊ ညအခါ ချွေးအလွန်အကျွံထွက်ခြင်းစသည့် ရောဂါလက္ခဏာများတွေ့ရှိပါက အမြန်ဆုံးစစ်ဆေးရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ကျန်းမာရေးအဖွဲ့များက တီဘီရောဂါလက္ခဏာများရှိ၊ မရှိ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီကို စစ်ဆေးပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတာဝန်ရှိသူတစ်ဦးထံက သိရသည်။



(ဝဲပုံ)

ဝါဝါမြင့်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## အခြေခံပညာဦးစီးဌာန၏ Grade-5 နှင့် Grade-9 ဆရာ၊ ဆရာမများ သင်ကြားသင်ယူမှု အရည်အသွေးမြှင့်ဆွေးနွေးပွဲသင်တန်း ကျင်းပ

**ရေနံချောင်း ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် အခြေခံပညာဦးစီးဌာန၏ Grade-5 နှင့် Grade-9 ဆရာ၊ ဆရာမများ သင်ကြားသင်ယူမှုအရည်အသွေးမြှင့် ဆွေးနွေးပွဲသင်တန်းကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စတင်ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးက သိရသည်။

သင်တန်းတွင် ရေနံချောင်းမြို့နယ် အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပို့ချလျက်ရှိသည့် ဆရာ၊ ဆရာမများအား ဘာသာရပ်ဆိုင်ရာသင်ရိုးများသင်ကြားပို့ချရာတွင် နည်းစနစ်မှန်ကန်စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန်အတွက် ဗဟိုအဆင့်သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းနည်းပြ ၄၁ ဦးက ပြန်လည်ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ မူလတန်းအဆင့် သင်တန်းသား ဆရာ၊ ဆရာမ ၃၅၄ ဦးနှင့် အလယ်တန်းအဆင့် သင်တန်းသား ဆရာ၊ ဆရာမ ၂၁၀ ဦး စုစုပေါင်း ၅၆၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၄၇၂)



## ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁၃ ရက် နံနက် ၈နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများ၊ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များအခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေးအသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဇော်ထက်(သရက်)**



## ချမ်းမြရံသီပရိယတ္တိစာသင်တိုက် ပုလဲရတုမဂ္ဂဇင်း ထွက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၃**


မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ၊ ချမ်းမြရံသီပရိယတ္တိစာသင်တိုက်၏ နှစ်(၃၀)ပြည့် အထိမ်းအမှတ် ပုလဲရတုမဂ္ဂဇင်း ထွက်ရှိလာသည်။ ပုလဲဂုဏ်ထွန်း အညွန်းစာသဝဏ်နှင့် ဆရာတော်ကြီးများ၏ ဩဝါဒကထာများ၊ ချမ်းမြရံသီပရိယတ္တိစာသင်တိုက်၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပထမကြီးတန်း တစ်နိုင်ငံလုံး(သီလရှင်ပထမ)၊ ပထမလတ်တန်းတစ်နိုင်ငံလုံး(သီလရှင်ပထမ)၊ ပထမငယ်တန်း တစ်နိုင်ငံလုံး (သီလရှင်ပထမ)ရရှိသော သီလရှင်များ၏ အတ္ထုပ္ပတ္တိအကျဉ်းများ ပါရှိသည်။ (ဓါပုံ)

ကာတွန်းကဏ္ဍတွင် ဖိုးသက်(ထီးပေါင်းကား)၊ နဂါးလေး (အမရပူရ)၊ ကိုကြီး(ဘူမိ)၊ စွာစော်ကဲ၊ ထက(AGB) တို့၏ကာတွန်းများ၊ ကဗျာများ အများဆုံးပါရှိပြီး ချမ်းမြရံသီစာသင်တိုက် ဂုဏ်ရည်ကဗျာများ၊ ချမ်းမြရံသီပုလဲရတုအလင်္ကာ ကဗျာများ၊ မာတာအမိ အာစရိ ဂုဏ်ရည်ကဗျာများ၊ သီလရှင်တည် သာသနာ့ဂုဏ်ရည်ကဗျာများ၊ ဗုဒ္ဓဓမ္မလောကဂုဏ်ရည် ကဗျာများအဖြစ် ဖော်ပြပါရှိသည်။

ဆောင်းပါးကဏ္ဍတွင် ချမ်းမြရံသီတံခွန်ရှေ့ဆောင်လမ်းညွှန်၊ ဓမ္မရသ၊ သီလရှင်သာသနာစာပဒေသာ၊ သာသနာစာပေပဒေသာ၊ ပုလဲရတုဂုဏ်ပြုဆောင်းပါးများ အဖြစ်ဖော်ပြပါရှိပြီး ဓမ္မရသ ဝတ္ထုတိုတွင် ချည်ကြိုးဖြူ၏ "မေတ္တာဖြင့် ပွင့်လန်းစေသော" ဝတ္ထုတို့ ပါရှိသည်။ စာမျက်နှာ ၄၃၆ မျက်နှာရှိပြီး အုပ်ရေ ၁၀၀၀ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

PNT

o-o-o-o-o-o-o



## မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် နှစ်ပတ်လည်မဂ္ဂဇင်း ထွက်ရှိလာသည်။ မြို့တော်ဝန်၏ ဥယျောဇဉ်နှင့်အတူ မှတ်တမ်းဓာတ်ပုံများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွံ့ဖြိုးတိုးတက်မှု ကောက်ကြောင်းများ၊ မန္တလေး(၆)မြို့နယ် မြို့တော်သန့်ရှင်းသာယာလှပရေး စာတမ်းဖတ်ပွဲ၊ မန္တလေးပန်းချီအနုပညာကဏ္ဍ၊ ကဗျာကဏ္ဍ၊ ကာတွန်း၊ ဘာသာရေးဆောင်းပါး၊ သမိုင်းဆောင်းပါး၊ ပညာရေးဆောင်းပါး၊ ကျန်းမာရေးဆောင်းပါး၊ သုတ၊ ရသဆောင်းပါးများ၊ အဟောင်းထဲက အကောင်း၊ ဘာသာပြန်ဆောင်းပါး၊ ခံစားမှုရသစာစု၊ ပုံပြင်၊ ဟာသ၊ ဝတ္ထုရှည်၊ ဝတ္ထုတိုတို့ဖြင့် ကဏ္ဍစုံဖော်ပြပါရှိသည့်အပြင် မန္တလေးမြို့တော်စည်ပင်ဝန်ထမ်းကဏ္ဍကိုလည်း သီးခြားဖော်ပြထားသည်။




ဝန်ထမ်းကဏ္ဍတွင် ကိုရွှေသက်၊ ကေ၊ အောင်မျိုးမြတ်(မန္တလေး)၊ သန်းနိုင်စိုး(စိုက်/မွေး) တို့၏ ကဗျာများ၊ စွာစော်ကဲ၊ နိုင်ဗလတို့၏ ကာတွန်းများ၊ ထွန်းထွန်း၊ သက်နိုင်ထွန်း၊ ညီစိုးဆွေ၊ မော်(YIE)၊ စိုးလှ(ဥပဒေ)၊ အောင်မင်းဦး(မန္တလေးနေ့စဉ်)၊ မောင်ပြည်သူ(မန္တလေး)၊ အောင်သန့်ခိုင်(မန္တလေးနေ့စဉ်)၊ T-Set(English)တို့၏ ဆောင်းပါးများ၊ မောင်ကျော်ခိုင် (မန်းတက္ကသိုလ်)၏ ဝတ္ထုတို့ ပါရှိသည်။ စာအုပ်တစ်အုပ်လုံးအား ကြွေစက္ကူ(အရောင်ဖြင့်)ရိုက်နှိပ်ပြီး ပန်းချီစိုးဝင်းအောင် (မန္တလေး ပန်းချီကျောင်း)နှင့်အဖွဲ့၊ သွယ်အောင်(ဖော်ညွှန်းသီ)၊ ခင်ဆွေလှိုင်တို့က အလှဆင်ခြယ်မှုန်းပြီး မျက်နှာဖုံးဓာတ်ပုံ အောင်မင်းဦး (မန္တလေးနေ့စဉ်)၊ စာအုပ်အပြင်အဆင် အောင်မျိုးမြတ်(မန္တလေး)က ဖန်တီးပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပုံနှိပ်တိုက်မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ (အပေါ်ပုံ)PNT

## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ပျဉ်းမနား ဇန်နဝါရီ ၁၃**

ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံထူးချွန်သည့် လူငယ်များပေါ်ထွန်းလာစေရေးအတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ လူငယ်စာဖတ်ဝိုင်းများနှင့် အသိပညာပေးပြပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် လူထုအခြေပြု ဗဟိုဌာန(Community Centre) ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင်က လူငယ်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လူထုအခြေပြုဗဟိုဌာန (Community Centre)၌ လူငယ်အကျိုးပြုလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။



ထို့နောက် စာရေးဆရာ သဘာဝက လူငယ်တို့၏ အခွင့်အရေးများနှင့် ပတ်သက်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြော ဆွေးနွေးသည်။

ယင်းနောက် ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များက ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် လူငယ်အသိ ပညာပေး နံရံကပ်ပြဘုတ်များနှင့် စာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာကြပြီး ပြည်သူ့စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ ခင်းကျင်းထားမှုနှင့် Mini Museum အတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများအား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ဓါပုံ)

မြို့နယ်(ပြန်/ဆက်)

o-o-o-o-o-o-o

o-o-o-o

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ရှင်တစ်ထောင် အခါတော်နေ့

* ရှင်တစ်ထောင်နေ့ဟူသည်မှာ
ပြာသိုလပြည့်ခါ
ဗုဒ္ဓမြတ်စွာ ရှိစဉ်က
ရသေ့ညီနောင်ပို့ ။

* အယူဝါဒ စွန့်ပယ်ခွာ
ဗုဒ္ဓသာသနာ
ကူးပြောင်းရာ ချိန်ကာလ
ကျွတ်တန်းဝင်ကုန်ကြ ။

* ဥရုဝေလတောအုပ်မှာ
တန်ဆောင်လပြည့်ခါ
ပြာသိုပြည့်မှာ နှစ်လမျှ
ဗုဒ္ဓဟောမိန့်ပြ ။

* သာဝကငါးရာ ဦးစီးကာ
ဥရုဝေလ ကဿပပါ
တပည့်သုံးရာ နဒီက
နှစ်ရာ ဂယာကဿပ ။

* အာဒိတ္တသုတ် ဟောမိန့်မှာ
အာသဝေါကုန်ခန်းပါ
ဆီမီးနှံသာ ပူဇော်ကြ
ရှင်တစ်ထောင် ကျွတ်တဲ့လ ။ ။

**ရွှေမင်းသား(စစ်ကိုင်း)**



## သတင်းပဒေသာ

### ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲအား ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးနေလင်းက အဖွင့်အမှာစကားပြောကြားသည်။ မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းဦးက ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲကျင်းပရခြင်းနှင့် ကျေးဇူးတင်စကားပြောကြားပြီး ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်မှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူလေးများ၊ ဆရာမများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက် ကပြကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုပေးအပ်နိုင်ရေး စစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ၂၀၂၅ ခုနှစ်၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု(Clean and Green School Award)များ ပေးအပ်ချီးမြှင့်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပါဝင်ယှဉ်ပြိုင်မည့် ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့မြေပြင်ကွင်းဆင်းရာတွင် စည်ပင်သာယာရေးကော်မတီ(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပညာရေးမှူးရုံးနှင့်ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများက ဇေယျာသီရိမြို့နယ် ရုံးပင်ဇောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ရေဆင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ သတ်မှတ်ထားသည့် အညွှန်းကိန်း(၁၇)ချက်ပါ လုပ်ငန်းစဉ်များ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများအား မြေပြင်ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကျေးရွာစာကြည့်တိုက်ဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှု

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ခွဲအတွင်း မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာစာကြည့်တိုက် ဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ မြို့စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်တို့က ပါလိုင်ကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ငွေကျပ် သိန်း ၁၅၀ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စာကြည့်တိုက်အသစ်တည်ဆောက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉နာရီက ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းဦးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ ကျင်းပရခြင်းအကြောင်းအား အမှာစကားပြောကြားသည်။ ကျောင်းအုပ်ဆရာကြီး ဦးဇော်မွန်းက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး တာဝန်ရှိသူများကဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်



**မန္တလေး ဇန်နဝါရီ ၁၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကောသဝ (B.A၊ ဓမ္မာစရိယ)အရှင်မြတ်က ရေစက်ချအနုမောဒနာ တရားဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ ဦးတင်ဝင်းနိုင်+ဒေါ်ခင်ခင်လေး၊ သား အမွှာ မင်းသန့်ကိုကို၊ မင်းသန့်ညီညီ မိသားစုက နှစ်ဖက်မိဘများအား အမှူးထား၍ ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် သိန်း၆၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်း ငွေကျပ် သိန်း ၇၀ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

အဆိုပါအလှူရှင် မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ သံဃာတော်တစ်ပါးခြင်းစီအား ကိုယ်တိုင်ဆပ်ပြာ၊ မျက်နှာသုတ် ပုဝါများအား လှူဒါန်းကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

(ကဆ)

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ရပ်ကွက် ဘုံဆွမ်းလောင်းအသင်းတို့၏ (၂၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့နံနက် ၄ နာရီခွဲက ၃၅လမ်းနှင့် ၆၉ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထု ငွေကျပ် ၁၄၀၀၀၀ နှင့် သင်္ကန်း ဒွိစုံ ရှစ်စုံ၊ သင်္ကန်းပန်းခြင်းတစ်ခြင်းတို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် ဇနီး ဒေါ်ယုယုဇော်၊ ဦးကျော်မျိုးအောင်နှင့်ဇနီး ဒေါ်နှင်းယုလှိုင်၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)(ကဆ)





## ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဇန်နဝါရီ ၁ ရက်၊ နှစ်ဦးအလှူအတွက် ဒေါ်အေးအေးသန်းနှင့် ဒေါ်ရီရီကြွယ် သူငယ်ချင်းနှစ်ယောက်မှ ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင်တို့အတွက် အလှူငွေကျပ် ၅၂၅၀၀၀ ကို လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆွမ်းကွမ်းအတွင်းရေးမှူးဦးဝဏ္ဏတို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အသေးစိတ်သိရှိလိုပါက ရုံးဖုန်း ၀၉-၄၀၂၆၂၆၂၄ သို့ တိုက်ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)(ကဆ)

## မိဘမဲ့ကလေးများစောင့်ရှောက်ရေးကျောင်းသို့ အလှူငွေ လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်း ရဲဘော်ကွက်သစ်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပြည်လုံးချမ်းသာ တိုင်းရင်းသား မိဘမဲ့ကလေးများ စောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတိုက်သို့ အလှူရှင် ရန်ကုန်မြို့နေ ဒေါက်တာစောလှဖြူ၊ မန္တလေးမြို့နေ ကိုဥက္ကာစိုးဝင်းနှင့် ဇနီးတို့က နှစ်ဦးမြတ်ဒါနအလှူအဖြစ် အလှူငွေကျပ် ၁၀ သိန်းကို ယမန်နေ့က ကျောင်းတိုက် ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုမင်္ဂလ(ဓမ္မာစရိယ B.A)ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ရေစက်ချတရားဟောကြားချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



အဆိုပါကျောင်းတိုက်ရှိ မိဘမဲ့ကလေးငယ်စုစုပေါင်း ၂၀၀ ကျော်တို့အား အာဟာရဒါန ကျွေးမွေးလှူဒါန်းလိုပါကလည်းကောင်း၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ အခြားဘက်စုံအလှူငွေများလှူဒါန်းလိုပါကလည်းကောင်း ဦးစီးပဓာနနာယကဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈၊ ၀၉-၇၈၅၇၄၈၁၁၄၊ ၀၉-၇၇၂၈၃၂၄၅၆ တို့နှင့်သာ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အဆိုပါကျောင်းတိုက်အနေဖြင့် မည်သည့်ဒေသတွင်မှ အလှူခံစေလွှတ်ထားခြင်းမရှိကြောင်း သိရသည်။

(ဓါတ်ပုံ)

(ကဆ)

မီးမရှို့
မြေမမြှုပ်
စက္ကူတွေကို
ဒါနလှူပါ။

# မြန်မာ့အမျိုးသားဘူမိဥယျာဉ်များမှသည် ယူနက်စကိုကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်များဆီသို့ (၁)

**နိဒါန်း**

လူ့ဘဝသည် ရခဲလှ၏ဟု ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ထားကြသည်။ ဤအဆိုမှန်၊ မမှန် ခေတ်သစ်သိပ္ပံအယူအဆများ ဖြင့် ပြန်လည်သုံးသပ်ကြည့်ကြပါစို့။ စကြဝဠာ၏ အစသည် အရာအားလုံး၏ အစပင်ဖြစ်သည်ဟုဆို၏။ စကြဝဠာ၏ ဇစ်မြစ်ကို Big Bang သီအိုရီနှင့် Black Hole သီအိုရီတို့ဖြင့် တွေးခေါ်ယူဆချက်အရ လွန်ခဲ့သော နှစ်ပေါင်း ၁၃၇ ဘီလီယံခန့်က သေးငယ်သော အစုအဝေးတစ်ခု၏ ပြင်းထန်စွာပေါက်ကွဲမှုကြောင့် အရာအားလုံးနှင့် စွမ်းအင်၊ အာကာသလွင်ပြင်နှင့် အချိန်တို့ကို ဖြစ်ပေါ်စေခဲ့သည်။ ထို့နောက် အလင်းတန်းများ ဖြာထွက်ခြင်းနှင့် အရာဝတ္ထုများဖြစ်ပေါ်ခြင်း နှစ်ခုတို့ကြောင့် စကြဝဠာ၏ပုံသဏ္ဌာန် ဖြစ်ပေါ်လာသည်ဟု ဆိုကြသည်။ ကြယ်နက္ခတ်များ ဖြစ်ပေါ်လာမှုဂယက်ကြောင့် ကျွန်ုပ်တို့သိထားသော စကြဝဠာပုံဖြစ်ပေါ်စေသည်။ ကြယ်များအတွင်းရှိ အပူစွမ်းအင်တို့သည် ဟီလီယံနှင့် ဟိုက်ဒြိုဂျင်ဓာတ်ငွေ့တို့ကြောင့် စကြဝဠာအတွင်းရှိ အားလုံးသောဒြပ်စင်တို့ကို ပြောင်းလဲသွားစေသည်။ တစ်နည်းဆိုသော် အဆိုပါ ဒြပ်စင်တို့သည် ဂြိုဟ်များ၊ လနှင့် သက်ရှိများအပြင် ယနေ့ ကျွန်ုပ်တို့တွေ့မြင်နေရသော အရာအားလုံးကို တည်ဆောက်ပေးသည့် အုပ်ချုပ်များပင်ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ နေမိသားစုသည် နဂါးငွေ့တန်းအတွင်းရှိ နေမိသားစု ၅၀၀ကျော်အနက်မှ တစ်ခုဖြစ်ပြီး အိုရီယံကြယ်အုပ်စုတွင် ပါဝင်သည်။ နဂါးငွေ့တန်းအတွင်းရှိ ကြယ်အားလုံး၏ ၁၅လုံးသာ ဂြိုဟ်စံနစ်ဖြစ်ပေါ်စေသည်။ ယင်းတို့အတွင်းရှိ ကြယ်တစ်လုံးမှာ ကျွန်ုပ်တို့၏ နေမင်းကြီးပင်ဖြစ်သည်။ နေကိုလှည့်ပတ်နေသော ဂြိုဟ်ရှစ်လုံးအနက် ဂြိုဟ်တစ်လုံးမှာ ကျွန်ုပ်တို့၏ အိမ်ဟုခေါ်သော ကမ္ဘာဂြိုဟ်ပင်ဖြစ်သည်။ ကမ္ဘာဂြိုဟ်ကို ရေထုကမ္ဘာဟုဆိုရမည်။ ကမ္ဘာဂြိုဟ်၏ ရေထုဖြစ်စဉ်ကြောင့် စကြဝဠာတွင် သက်ရှိများ ဆက်လက်ရှင်သန်နိုင်ရန် ဖန်တီးထားသည့် တစ်ခုတည်းသော သိရှိထားသည့် ဂြိုဟ်ဖြစ်သည်။ သို့အတွက် ကျွန်ုပ်တို့၏ကမ္ဘာသည် စကြဝဠာအတွင်း လူအပါအဝင် သက်ရှိသတ္တဝါအားလုံးနှင့် သစ်ပင်များပါ ရှင်သန်နေထိုင်နိုင်သည့် တစ်ခုတည်းသော ဂြိုဟ်ဖြစ်သည်။ လေ့လာသိရှိပြီး သတင်းအချက်အလက်များအရ နေအုပ်စုအတွင်းသက်ရှိများအတွက် ရှင်သန်နိုင်သည့် နေရာမှာ အမိကမ္ဘာကြီး တစ်ခုတည်းသာဖြစ်သဖြင့် လူ့ဘဝရခဲလှ၏ဟုဆိုသော အဆိုမှာ မှန်လှပေသည်။

ကမ္ဘာကြီးပထမဆုံးဖြစ်ပေါ်လာသည့် အချိန်အတိအကျကို နှစ်ပေါင်း ၄၅၇ ဘီလီယံကဟု အကောင်းဆုံးခန့်မှန်းနိုင်ခဲ့ကြသည်။ ကျွန်ုပ်တို့ ဘယ်လိုတွက်ချက်ရရှိခဲ့သနည်း။ ကမ္ဘာ့သက်တမ်းကို နားလည်နိုင်ရန် Eons အီယွန်ခေါ်ကပ်များ သတ်မှတ်ထားသည်။ ယင်းတို့မှာ Hadean ဟေဒင်၊ Archean အာခီယံ proterozoic ပရိုတာရိုဇိုတ်နှင့် phanerozoic ဖနရိုဇိုတ်တို့ဖြစ်သည်။ ကမ္ဘာ၏အစောဆုံးနှစ်များဖြစ်သည့် ၄ ဘီလီယံမှ ၄၅၄ဘီလီယံကာလများတွင် ကျွန်ုပ်တို့ သတိထားမိမည်မဟုတ်သေးပေ။ ထိုအချိန်က တိုက်ကြီးများမရှိသေးဘဲ မီးတောင်ပေါက်ကွဲခြင်းများ၊ ဂြိုဟ်သိမ်ဂြိုဟ်မွှားများ အကြိမ်ကြိမ်ကျရောက်ခြင်းတို့ဖြင့် အန္တရာယ်များလှသည့် ကမ္ဘာကြီးဖြစ်ခဲ့သည်။ ယင်းဖြစ်စဉ်များသည် နှစ်ပေါင်း ၃၈ဘီလီယံထိ ဖြစ်ခဲ့သည်။ဟေဒင်ကပ်က ဘူမိဖြစ်စဉ်များကြောင့် မှတ်တမ်းတင်လောက်သည့် ကျောက်သားများ မရှိခဲ့ပေ။ ကြေမွဒဏ်ခံနိုင်သော ဇာကွန်ကိုသာ တွေ့ရသည်။ သို့အတွက် ဘူမိသမိုင်းတွင် ဟေဒင်ကပ်သည် ပဟေဠိဆန်ပြီး နားလည်ရန်အခက်ခဲဆုံး ကပ်ဖြစ်သည်။ အာခီယံကပ်သည် နှစ်ပေါင်း ၄ ဘီလီယံမှ ၂၅ဘီလီယံအကြား ကာလဖြစ်သည်။ အာခီယံကပ်တွင် အသက်အရင့်ဆုံးကျောက်များနှင့် ကျောက်ဖြစ်ရုပ်ကြွင်းများ စတင်တွေ့ရသည့် ကာလဖြစ်သည်။ နှစ်ပေါင်း ၃၄၈ ဘီလီယံသက်တမ်းရှိ ဒီရေကမ်းတိမ်တွင် နေထိုင်သော microbia-lmats မှ ဖြစ်လာသော Stromatolites ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရသည်။ အာခီယံကပ်၏ အဓိကဖြစ်စဉ်တစ်ခုမှာ တိုက်ကြီးများ ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။ အာခီယံကပ်ကုန်ဆုံးချိန်တွင် ကမ္ဘာကြီးသည် ရေကန်များ၊ မြစ်ချောင်းများဖြင့် တည်ရှိနေသည့် တိုက်ကြီးများဖြင့် ယနေ့မြင်ရသည့် ပုံသဏ္ဌာန်နှင့် ဆင်တူခန့်ဖြစ်သည်။

ကမ္ဘာ့လေထုသည်လည်း ယနေ့ ကျွန်ုပ်တို့ ရှူရှိုက်နေကြသည့် လေထက် အောက်ဆီဂျင် အဆတစ်သိန်းခန့်နည်းပြီး ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိမ်းဓာတ်တို့မှ အဆပေါင်းများစွာ တည်ရှိနေခဲ့သည်။ သက်ရှိတို့သည် Unicellular တစ်ခုတည်းဆဲလ်ဖြင့် ဖွဲ့စည်းထားပြီး နှစ်ပေါင်းဘီလီယံများစွာ ရှင်သန်နေကြပေမည်။

ပရိုတာရိုဇိုတ်ကပ်သည် နှစ်ပေါင်း ၂၅ ဘီလီယံမှ နှစ်သန်းပေါင်း ၅၄၁ခန့်အကြား ကာလဖြစ်ပြီး ကမ္ဘာ့လေထုတွင် photosynthetic စွမ်းအင်ရှိ Cyanobacteria သစ်များ ဖြစ်ထွန်းမှုကြောင့် အောက်ဆီဂျင်ကို မှန်မှန်တိုးပွားလာစေသည်။ သတ္တဗေဒအရ ဆဲလ်တစ်ခုတည်းရှိ အော်ဂဲနစ်များဖြစ်ထွန်းပြီးနောက် ပထမဆုံး ဆဲလ်မျိုးစုံပါ သက်ရှိများနှင့် တိရစ္ဆာန်များပါတိုးပွားလာသည်။ အားလုံးလက်ခံသည့် နှစ်သန်း ၅၇၀ က Édiacara (ခေါ်)တိရစ္ဆာန်ကျောက်ဖြစ်ရုပ်ကြွင်းတွေရှိသည့် ကာလဖြစ်သည်။ ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်၍ တိရစ္ဆာန်များ တိုးတက်ဖြစ်ထွန်းကြသည်။ ပရိုတာရိုဇိုတ်ကပ်သည် Su-perconti-nent (ခေါ်)တိုက်ကြီးများ ဖြစ်ပေါ်သည့် ကာလဖြစ်သည်။ တောင်ဝန်ရိုးမှ ရေခဲများ မြောက်ဘက်သို့ ကျယ်ပျံ့လာသည့်အချိန်လည်းဖြစ်သည်။ ရေခဲခေတ်အမြင့်ဆုံး နှစ်သန်းပေါင်းတစ်ရာခန့် ကမ္ဘာတစ်ခုလုံးရေခဲဖုံးလျက် Snowball Earth ရေခဲလုံးကမ္ဘာဖြစ်ခဲ့သည်။ အထက်ပါ ကပ်သုံးခု ကိုစုပေါင်း၍ Precambrian ဟု ခေါ်ကြသည်။ ပရီကင်ဘရီယံကာလအကုန် လွန်ခဲ့သော နှစ်သန်းပေါင်း ၅၄၁ကို အံ့သြဖွယ် သက်ရှိမျိုးစုံဖြစ်ထွန်းမှုကြောင့် Cambrianexplosion ကင်ဘရီယံ ပေါက်ကွဲခြင်းဟု သတ်မှတ်ထားကြသည်။ ဤပေါက်ကွဲမှု ဆက်လက်ဖြစ်ပေါ်သည့် အချိန်ကြောင့် Neoproterozoic ကာလတွင် သတ္တဝါများ အလျင်အမြန် တိုးတက်ဖွံ့ဖြိုးကြသည်။ ပင်လယ်ကြမ်းပြင်တွင် အစိမ်းရောင်ရေညှိပင်များ၊ ထရွှင်လိုဘိုက်များနှင့် မေးရိုးမပါငါးများ၊ တောက်ပသော တီကောင်များ ရေကူးနေခဲ့ကြပေသည်။

Phanerozoic ဖနရိုဇိုတ်ကပ်စပါပြီ။ ဤသည်မှာ ကျွန်ုပ်တို့ ယနေ့နေထိုင်နေသည့် ကာလပင်ဖြစ်သည်။ ကျွန်ုပ်တို့ချင်း နီးကပ်စွာနေပြီး ရှေ့ဆက်ကြပါစို့။ မည်သည့်အရာမျှ ဂေဟစံနစ်ဖြင့် မလွတ်ကင်းနိုင်ပေ။ သက်ရှိတို့သည် ကမ္ဘာ့လေထု၏ ဖန်တီးထားသည့် ဓာတုဖွဲ့စည်းပုံ၊ ကမ္ဘာဂြိုဟ်၏ ဘူမိဗေဒနှင့်ရာသီဥတုတို့၏ လောင်းရိပ်မှ မလွတ်ကင်းနိုင်ပေ။ ကမ္ဘာပေါ်ရှိ သက်ရှိများအပေါ် သက်ရောက်မှုများတွင် လူတို့ပြုလုပ်သည်ထက် ပိုတာမရှိပေ။ သို့အတွက် လူသားများနှင့် ပတ်ဝန်းကျင်ကြား ဆက်နွယ်မှုကို လေ့လာကြရပေမည်။

**မနုဿလူသားများ**

ရာစုနှစ်တစ်ခုကျော်က Charles Darwin ချားစ်ဒါဝင်သည် လူသားများနှင့် အခြား Pri-mate အဆင့်မြင့်နို့တိုက်သတ္တဝါတို့သည် မူလဗီဇနှင့်တူကြသည်ဟု ဆိုလိုက်သည့်အခါ လူအများ ထိတ်လန့်သွားကြသည်။ သူတို့က သူတို့၏ ဘိုးဘွားဘီဘင်တို့သည် မနုဿလူသားတို့အတွက် သာဖြစ်သည့် အထူးစီမံထားသော ဒဏ္ဍာရီနတ်ဘုံတမျှ လှပဆန်းကြယ်သော သီးသန့်နေရာမှ လာကြသည်ဟု ယူဆလိုကြပြီး တိရစ္ဆာန်နှင့် သစ်ပင်များရှိသော အံ့ဖွယ်ရာလှောင်အိမ်မှလာခြင်းမျိုး မဖြစ်စေလိုကြပေ။ သို့သော် ထိုအချိန်ကတည်းကပင် လူသားများ၏ ဆင့်ပွားဖြစ်စဉ် ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများ ပိုမိုတိုးပွားခြင်းနှင့် ထိတ်တိုက်တွေ့နေကြသော်လည်း ကျွန်ုပ်တို့သည် ယနေ့ အေ့ပ်(ခေါ်)မျောက်တို့မှ ဆင်းသက်လာခြင်းမဟုတ်သော်လည်း လူသည် သူတို့ ဘိုးဘွားတစ်ဦး၏ အဆက်အနွယ် အယူအဆကို လက်ခံရန် လေ့လာမိသည်။

သမိုင်းပါမောက္ခ Yuval Noah Harari ၏အဆိုအရ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မိသားစုအပင်ကြီးပေါ် tarsier တွင် တာဆီယာမျောက်တစ်ကောင်လာနားနေသည်ကို တွေ့ရသဖြင့် ရှက်ရွံ့စရာမလိုပါ။ သူ၏အရွယ်နှင့်စာလျှင် လူတို့သည် အခြားတိရစ္ဆာန်များစွာထက် ဦးနှောက် ပိုမိုကြီးမားပါသည်။ အစောပိုင်း ပရိုင်းမိတ်တို့သည် အရွယ်သေးငယ်၍ အားသေးပြီး ကာကွယ်မှုမရှိ၊ မြေပြင်နေသတ္တဝါတို့ကဲ့သို့ ပြန်လည်တိုက်ခိုက်ရန် ခြေသည်း၊ လက်သည်းများ၊ ဆူးများ၊ အစွယ်များနှင့်ဦးချိုများမရှိကြပေ။ အသက်ရှင်သန်ရန်အတွက် သူတို့၏ လျင်မြန်စွာ ပြေးလွှားလှုပ်ရှားနိုင်ခြင်းနှင့် အမြင်အာရုံကောင်းခြင်းတို့အပေါ် မှီတည်နေရသည်။ ကြိုက်နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ကျွန်ုပ်တို့သည် ကြီးမား၍ အထူးသဖြင့် ဆူညံလှသော အဆင့်မြင့် အေ့ပ်(ခေါ်)လူဝံမျိုးနွယ်တွင် ပါဝင်သည်။ ကျွန်ုပ်တို့၏အနီးစပ်ဆုံးဆွေမျိုးတို့မှာ ချင်ပန်ဇီ၊ ဂေါ်ဇီလာနှင့် အော်ရန်အူတန်တို့ဖြစ်ကြသည်။ ချင်ပန်ဇီတို့သည် အနီးစပ်ဆုံးဖြစ်သည်။ (Yuval Noah Harari, 2015)

စင်စစ်အားဖြင့် ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများထဲတွင် လူသားတို့သည် နှစ်သန်းပေါင်း ၃၅၄၀ခန့်တွင် နောက်ဆုံးမှ ပေါ်လာသူများဖြစ်သည့်နည်းတူ သတ္တဝါများအတွင်း ဦးနှောက်ကို ပထမဆုံးအသုံးပြုသူများလည်း ဖြစ်သည်။ အထက်တွင် ဖော်ပြသကဲ့သို့ တိုက်ခိုက်ရန် ခြေသည်း၊ လက်သည်း၊ အစွယ်၊ အဆိတ်၊ အင်အားစသည်တို့မရှိသဖြင့် ဦးနှောက်ဉာဏ်ဖြင့်သာ ရှင်သန်ရပ်တည်ခဲ့ကြရသည်။ အခြားတိရစ္ဆာန်တို့ထက် သာလွန်သည်မှာလည်း ဦးနှောက်ကို စနစ်တကျအသုံးချနိုင်ခြင်းကြောင့်သာ ဖြစ်ပေသည်။ လူသားတို့သည် ရုပ်ပိုင်းဆိုင်ရာ အားနည်းမှုကြောင့် ဦးနှောက်ကိုအသုံးပြုကြရာတွင် အပြုသဘောဆောင်သောအတွေးအခေါ် Construc-tive Mind နှင့် အဖျက်သဘောဆောင်သော အတွေးအခေါ် Destructive Mind ဟု နှစ်မျိုးကွဲပြားစွာ တွေ့ရသည်။ ယင်းသို့ ကွဲပြားသွားရခြင်းမှာ အခြေခံအားဖြင့် ဗီဇနှင့်ပတ်ဝန်းကျင်တို့ကြောင့်ဟု ဆိုနိုင်ပေသည်။ ထို့ပြင် အဆိုပါစိတ်သဘောထားကို ပတ်ဝန်းကျင်က ပိုမိုလွှမ်းမိုးထားသည်ဟု ယေဘုယျမှတ်ယူနိုင်ပါသည်။ သို့အတွက် ကျွန်ုပ်တို့သည် ပေါ်ထွန်းလာမည့် အနာဂတ်မျိုးဆက်သစ်ကလေးများအတွက် ယင်းတို့ ရောက်မလာမီခံ့ညားထည်ဝါသော၊ သန့်ရှင်းအေးချမ်းသော ပတ်ဝန်းကျင်ကောင်းများကို ကြိုတင်ဖန်တီးပြင်ဆင်ထားရန် တာဝန်ရှိပေသည်။ ယင်းသို့သော ပတ်ဝန်းကျင်ကောင်းဆိုသည်မှာ အထူးအဆန်းမဟုတ်ပါ။ Geo-parks ဘူမိဥယျာဉ်များ တည်ထောင်ပေးရန်သာ ဖြစ်ပါသည်။

**Geopark ဘူမိဥယျာဉ်**

ဘူမိဥယျာဉ်ဆိုသည်မှာ တစ်မူထူးခြားသည့် အပြည်ပြည်ဆိုင်ရာ ဘူမိရုပ်သွင်ရှိ နယ်မြေတစ်ခုအတွင်း စနစ်တကျဖွဲ့စည်းထားသော ကော်မတီတစ်ရပ်က ဘူမိမျိုးကွဲ၊ ဇီဝမျိုးကွဲများနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံ အမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပညာပေးခြင်းနှင့် စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးရေးတို့ကို ခြုံငုံစဉ်းစားလျက် စီမံအုပ်ချုပ်ထားသော နယ်မြေတစ်ခုပင် ဖြစ်သည်။

ဘူမိဥယျာဉ်သည် ဟင်းလင်းပြင် ဘူမိဗေဒ (သို့မဟုတ်)ကျောက်မျိုးစုံပြခန်းမဟုတ်ပါ။ သို့ရာတွင် ဘူမိဗေဒဓာတ်ခွဲခန်းဟု ဆိုနိုင်ပါသည်။ အခြေခံဘူမိ၊ ဇီဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိပညာများမှသည် အဆင့်မြင့်သုတေသနများကိုပါ ဆောင်ရွက်နိုင်သော နေရာဖြစ်သည်။

ဒေသခံများသည် ဘူမိဥယျာဉ်အတွင်းရှိ အမွေအနှစ်တို့၏ တန်ဖိုးကို ပိုမိုသိရှိသူများဖြစ်သည့်အတွက် ယင်းတို့သည် ဘူမိဥယျာဉ်၏ သံတမန်များဖြစ်ကြသည်။ တစ်ကိုယ်ကောင်းမဆန်ဘဲ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရသဖြင့် ပရဟိတစိတ်များ တိုးပွားလာပြီး ဒေသအကျိုး ညီညာစွာ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။

**သန်းထွန်း(ဘူမိသိပ္ပံ)**

## အများသိစေရန် ကန့်ကွက်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်၊ အကွက်အမှတ်(၂၈၀)၊ ဦးဂိုလန် အမည်ပေါက် ဦးပိုင်အမှတ်(၁၀-က)၊ ဂရန်မြေကွက်၏ မြောက်ဘက်အစွန်းဆုံး(၁၀×၅၀)ပေ ကျယ်ဝန်းသော မြေအစိတ်အပိုင်းနှင့် မြေပေါ်ရှိ အဆောက်အအုံကို လက်ရှိပိုင်ဆိုင်သူအဖြစ် ဦးအောင်ဆန်း(၉/ခမစ(နိုင်)၀၀၇၉၇၃)က လက်ရောက်ပေးရောင်းချရန်၊ ပြင်ဆင်ဆောင်ရွက်နေကြောင်း ဦးအောင်ဆန်းနှင့်အတူနေ မိသားစုဝင်များပြောပြချက်အရ သိရှိရပါသည်။

အဆိုပါရောင်းချရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ဦးအောင်ဆန်းနှင့်အတူနေ မိသားစုဝင်များဖြစ်ကြသော ဇနီးဖြစ်သူ ဒေါ်ဂျမာဘီ(၉/မနတ(နိုင်)၀၃၁၄၉၆)နှင့် သမီးများဖြစ်သော မခင်မီမီသက်(၉/မဟမ(နိုင်)၀၄၃၃၈၄)၊ မယွန်းမီမီသက်(၉/မဟမ(နိုင်)၀၇၁၆၄၅)၊ မဆူးထက်အောင်(၉/မဟမ(နိုင်)၀၇၁၇၆၈)တို့က သဘောမတူကန့်ကွက်ပါကြောင်း၊ အကယ်၍ ယခုကြေညာကန့်ကွက်ချက်ကို လျစ်လျူရှု၍ ရောင်းဝယ်ပါလျှင် နောင်ဖြစ်ပေါ်လာမည့် အကျိုးဆက်များသည် ရောင်းသူ၊ ဝယ်သူတို့သဘောအတိုင်းသာဖြစ်ပါကြောင်း၊ ကျွန်ုပ်အား လွှဲအပ်ကြေညာရန် တာဝန်ပေးအပ်သူတို့၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာပါသည်။

**ဒေါ်မနွယ်စိုး**
**တရားလွှတ်တော်ရှေ့နေ**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ရှေ့နေ ဦးခင်မောင်ဌေး**
**အဆောင်(၃၁)၊ အခန်း(၅)၊ ကျွဲဆည်ကန်ပွဲရုံတိုက်တန်း၊**
**ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၂၄၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၅)၊ ဦးပိုင်အမှတ်(၁၈) မြေကွက်သည် ဒေါ်ငွေရှင်အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ အရှေ့ဘက်ခြမ်းထဲမှ အလယ်ခြမ်း(ပေ၂၀×၁၆ပေ ၆လက်မ)အကျယ်အဝန်းရှိသော မြေနှင့်အိမ်အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးဝင်းဇော်နှင့် ဦးအောင်မိုးဆွေတို့ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်ဝက်ဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇(စီ)လမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (၈)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၃)၊ ဦးပိုင်အမှတ်(၅၃) မြေကွက်သည် ဒေါ်ဘိုမအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ တောင်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိသော မြေ၊ အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ပုစူးမထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇(စီ)လမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (၈)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

### သင်္ဂြိုဟ်ပြီးစီးကြောင်း

### ဘုရား၊ ရဟန်းဒါယိကာမကြီး

# ဒေါက်တာ မြင့်မြင့်စိန် အသက် (၇၂)နှစ်

### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ဓါတုဗေဒဌာန၊ မန္တလေးတက္ကသိုလ်

မန္တလေးမြို့၊ အမှတ်(၁၂၁)၊ ၈၃လမ်း၊ ၂၃လမ်းထောင့်နေ (ဦးကျော်စိန်)+(ဒေါ်သိန်းလှ)တို့၏ သမီး၊ ဒေါက်တာ စိန်လှဦး+ဒေါက်တာ ခင်မာဆောင်း၊ (ဦးစိန်လှကြူး)+ဒေါ်မာမာချိုတို့၏ ညီမ၊ ဦးဇော်ဝင်း+ဒေါက်တာ နှင်းနှင်းစိန်၊ ဒေါက်တာ စိန်လှထွေးတို့၏ အစ်မ၊ ဒေါက်တာ ရဲဦး+ဒေါက်တာ ခင်ချိုလင်း၊ ဒေါက်တာ ခင်သွယ်ဦး၊ ဒေါက်တာ အောင်ကိုမျိုး+ဒေါက်တာ မေနှင်းဇော်၊ ကိုသက်ဇော်ထက်+မစုမိလှဲ၊ မပြည့်ပြည့်မွန်တို့၏ အဒေါ်

## ဒေါက်တာ မြင့်မြင့်စိန် အသက် (၇၂)နှစ်

သည် ၁၁-၁-၂၀၂၅ (စနေနေ့)၊ ည(၇:၀၃)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၂-၁-၂၀၂၅ (တနင်္ဂနွေနေ့)၊ မွန်းလွဲ(၁)နာရီတွင် အထက်ပါအိမ်မှ "ကြာနီကန်သုသာန်"သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး၊ ရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၆၀)တွင် တည်ရှိသော ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ ဒသမ ၁၄၆၉)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ဆွေမွန်လတ်(၉/ခအဇ(နိုင်)၀၁၁၈၀၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)တွင် တည်ရှိသော ဦးပိုင်အမှတ်(၂၂) အတွင်းမှ မြောက်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်မြင့်မြင့်ဌေး(၉/ခမစ(နိုင်)၀၁၇၁၃၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၅၆)၊ ဦးပိုင်အမှတ်(၁၂)အတွင်းမှ အနောက်ဘက်ခြမ်း အရပ်ကတိအဆက်ဆက်ဖြင့် ဒေါ်စုစုလှိုင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့သော အရှေ့လားသော်-ဒေါ်အေးကြည်၊ အနောက်လားသော်-ဒေါ်ဝင်းယုနွယ်၊ တောင်လားသော်-ဦးစိုးလွင်၊ မြောက်လားသော်-လူသွားလမ်းစသည့် နယ်လေးရပ်အတွင်းရှိ အရှေ့အနောက်(၁၈)ပေ၊ တောင်မြောက်(၂၄)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ အဝီစိရေတွင်း၊ ရေစုပ်စက်တို့ကို ဦးမောင်မောင်ဌေး၏ သမီး ဒေါ်စုစုလှိုင်(၉/မဟမ(နိုင်)၀၀၆၆၉၁)ကိုင်ဆောင်သူမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြောဆိုပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှအေး ပါ(၂)ဦးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါ၍ စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားရုံးအမိန့်၊ ဒီကရီတို့နှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန္တာမြင့် (LL.B)** — **ဒေါ်အေးမြတ်ကေသီ(LL.M)**
**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း ၀၉-၂၅၆၁၂၁၆၁၀၊ ၀၉-၄၀၀၃၀၆၇၁၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၃၀)၊ ဦးပိုင်(၂၁)၊ ၁၈လမ်းနှင့် ၁၉လမ်းကြား၊ ၈၈လမ်းနှင့် ၈၉လမ်းကြားနေ ဦးမြအောင်(ဘ)ဦးစိန်မင်း(၉/မနမ(နိုင်)၀၅၁၇၈၆)ကိုင်ဆောင်သူမှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်ပိုင်ဆိုင်သော မန္တလေးမြို့၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၁၈လမ်းနှင့် ၁၉လမ်းကြား၊ ၈၈လမ်းနှင့် ၈၉လမ်းကြား၊ အကွက်အမှတ်(၁၃၀)၊ ဦးပိုင်(၂၁)၊ ဧရိယာ(၀ ဒသမ ၀၁၈၃)ဧက အကျယ်အဝန်းရှိ ဦးမြအောင် အမည်ပေါက် ဂရန်မြေကွက်မှာ ကျွန်ုပ်ဦးမြအောင် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်သော စာရွက်စာတမ်းမူရင်းများ၊ ဂရန်တို့မှာ ကျွန်ုပ်လက်ဝယ်တွင် အသိမ်းအဆည်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် စာရွက်စာတမ်းများ ပြန်လည်လျှောက်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်သူများ ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူများမရှိပါက မြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို သက်ဆိုင်ရာရုံးဌာနများတွင် ဥပဒေနှင့်အညီ ပြန်လည်လျှောက်ထားမည်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ လက်ဆင့်ပေးကမ်းခြင်း၊ အာမခံပေးခြင်းများ မပြုလုပ်မိကြစေရန်နှင့် အဆိုပါမြေကွက်ကို ရောင်းမှား၊ ဝယ်မှားမဖြစ်စေရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးမြအောင်(ဘ)ဦးစိန်မင်း (၉/မနမ(နိုင်)၀၅၁၇၈၆)**
**၁၈လမ်းနှင့် ၁၉လမ်းကြား၊ ၈၈လမ်းနှင့် ၈၉လမ်းကြား၊**
**အောင်မြေသာစံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊**
**အောင်မြေသာစံခရိုင်၊ မန္တလေးမြို့။**

**ဦးမြအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဖြိုးကိုကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၁၉လမ်းနှင့် ၂၀လမ်းကြား၊ ၆၃(အေ)လမ်း၊ အနိပ်တော်ရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၄၈၃၈၈**

## ဦးအောင်ကြည်နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယခင် ယာတော်ရပ်ကွက်၊ ယခု (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၈)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးအောင်ကြည်ထံမှ ကျွန်မ ဒေါ်မျိုးမျိုးမြင့်မော်သည် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၂၀-၁-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးအောင်ကြည်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မျိုးမျိုးမြင့်မော်**
**အကွက်(နန-၈)၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၉၉၉၃၆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပညာရေးအခြေခံမကောင်းပါက မိမိအတွက် သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်...

❖ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီး ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ယနေ့ ဖတ်စရာအညွှန်း


နံနက်ခင်းတွင် ကော်ဖီပုံမှန်သောက်သူများ နှလုံးရောဂါဖြစ်နိုင်ခြေနည်းကာ အသက်ရှည်နိုင်

စာမျက်နှာ ၇

ပေါ်တူဂီလိဂ်ဖလား ချန်ပီယံဆုအား ဘင်ဖီကာအသင်း ဆွတ်ခူး

စာမျက်နှာ ၁၁

အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၁၂


## ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ကို ဇန်နဝါရီ ၁၉ ရက်အထိ တိုးမြှင့်ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ၏အထိမ်းအမှတ် (Landmark) တစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော် (Floral Fantasia 2024)ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်များ၊ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။ စာမျက်နှာ ၃ သို့ ○



ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်တွင် ဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## ရောဝတီယူနိုက်တက်ကို နှစ်ကျော့စလုံး အနိုင်ရခဲ့သည့် ISPE

ယနေ့ညနေက သုဝဏ္ဏကွင်း၌ ကစားခဲ့သည့် ရောဝတီယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ပွဲတွင် ISPE အသင်းက နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။



ISPE အသင်းအတွက် ဂိုးများကို ပွဲချိန် ၂၉ မိနစ်တွင် ဝင်းပြည့်မောင်၊ ပွဲချိန် ၈၅ မိနစ်တွင် ဟိန်းထက်ငြိမ်းတို့က သွင်းယူပေးခဲ့သည်။ ISPE အသင်းသည် ရောဝတီယူနိုက်တက်အသင်းကို နှစ်ကျော့စလုံး အနိုင်ရခဲ့ခြင်းဖြစ်ပြီး နည်းပြသစ် ဦးသာကျော်၏ ပွဲဦးထွက်တွင်လည်း နိုင်ပွဲနှင့်အတူ ပွဲထွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ISPE အသင်းသည် ရမှတ် ၂၆ မှတ်ဖြင့် အဆင့် ၅ တွင် ဆက်လက်ရပ်တည်နေပြီး ရောဝတီယူနိုက်တက်အသင်းသည် ရမှတ် ၁၁ မှတ်ဖြင့် အဆင့် ၁၀ တွင် ဆက်လက်ရပ်တည်နေသည်။

(NGB)

## (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၃

"(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ"ကို "ကျန်းမာသော ဘဝပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများ ဖော်ထုတ်ဖြေရှင်းကြပါစို့ - Moving Forward to a Healthy Lifestyle and Addressing Health Risk Behabiors "ဟူသော ဆောင်ပုဒ်နှင့် ဇန်နဝါရီ ၂၀ မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် အခြေခံသုတေသနစာတမ်း ၂၇ စောင်၊ အသုံးချသုတေသနစာတမ်း ၁၉ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ရှစ်စောင်နှင့် သုတေသနပိုစတာ ၄၃ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

ညီလာခံသို့ ပြည်တွင်း၊ ပြည်ပမှ သုတေသီများ တက်ရောက်ကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ လေးခုနှင့် ဟောပြောပွဲ တစ်ခုတို့ကိုလည်းထည့်သွင်းကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်

**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**